# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။


အတွဲ(၂၉)၊ အမှတ်(၂၅၆)၊ ၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်၊ ၂၁–၈–၂၀၂၆၊ သောကြာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံ ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Alexander Turchin ဂါရဝပြုတွေ့ဆုံ



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Mr. Alexander Turchin အား လက်ခံတွေ့ဆုံစဉ်။

နေပြည်တော် ဩဂုတ် ၂၀

ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့၌ တရားဝင်ခရီးစဉ် ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Alexander Turchin က ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် မင့်စ်မြို့ President ဟိုတယ်၌ ဂါရဝပြုတွေ့ဆုံသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် မင့်စ်မြို့ President ဟိုတယ်သို့ရောက်ရှိရာ ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်က ရင်းနှီးနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံဝန်ကြီးချုပ်တို့သည် သီးခြားတွေ့ဆုံဆွေးနွေးကြသည်။ ထိုသို့တွေ့ဆုံစဉ် ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်က ယခုကဲ့သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအနေဖြင့် ဘယ်လာရုစ်သမ္မတနိုင်ငံသို့

စာမျက်နှာ ၄ သို့ ☆

## Times City ၌ (၈) ကြိမ်မြောက် သီတင်းကျွတ် ကျောက်မျက်ရတနာ အထူးအရောင်းပွဲတော် ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၀

မြန်မာပြည်တွင်းမှ ထွက်ရှိသော အရည်အသွေးမြင့် ရတနာမျိုးစုံနှင့် ရှားပါးကျောက်မျက်များကို အနီးကပ် လေ့လာဝယ်ယူနိုင်မည့် (၈) ကြိမ်မြောက် သီတင်းကျွတ် ကျောက်မျက်ရတနာ အထူးအရောင်းပွဲတော်ကြီးကို အောက်တိုဘာလအတွင်း Times City ၌ ခမ်းခမ်းနားနား ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ အရောင်းပွဲတော်ကို အောက်တိုဘာ ၁၆ ရက်မှ ၁၈ ရက်အထိ ၃ ရက်တိုင်တိုင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ Times City, Jewellery Mall ၌ နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပသွားမည်ဖြစ်သည်။

စာမျက်နှာ ၄ သို့ ❒

## မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နှင့် ပြင်ဦးလွင်မြို့ရှိ နှစ်ပေါင်း(၁၀၀)နှင့်အထက် ရှေးဟောင်းအဆောက်အအုံများအား ရှေးဟောင်းမြို့ပြအမွေအနှစ် အမှတ်အသား ကမ္ပည်းမော်ကွန်း ကြေးပြားတပ်ဆင်



မန္တလေး ဩဂုတ် ၂၀

နှစ်ပေါင်း(၁၀၀)နှင့် အထက် ရှေးဟောင်းအဆောက်အအုံများဖြစ်သည့် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ဦးပိန်တံတားနှင့် ပြင်ဦးလွင်မြို့ရှိ သဇင်မြိုင် အဆောက်အအုံတို့ကို ရှေးဟောင်းမြို့ပြအမွေအနှစ် အမှတ်အသား ကမ္ပည်းမော်ကွန်း ကြေးပြားများ တပ်ဆင်ခဲ့ကြောင်း သိရသည်။

အမရပူရမြို့ တောင်သမန်အင်းရှိ နှစ်ပေါင်း (၁၀၀)နှင့်အထက် သက်တမ်းရှိသည့် ဦးပိန်တံတားတွင် ရှေးဟောင်းမြို့ပြအမွေအနှစ်အမှတ်အသား ကမ္ပည်းမော်ကွန်း ကြေးပြား

စာမျက်နှာ ၉ သို့ ○

**ယနေ့ ဖတ်စရာ အညွှန်း**


အသက် ၁၄ နှစ်အောက် မန္တလေးတိုင်းဒေသကြီး ဘောလုံးပြိုင်ပွဲအတွက် လူရွေးချယ်ပွဲပြုလုပ် — စာမျက်နှာ ၁၂

တရုတ်-မြန်မာ ချစ်ကြည်ရင်းနှီးမှု တိုးတက်စေရေး ယဉ်ကျေးမှု ပူးပေါင်းဖလှယ် — စာမျက်နှာ ၁၃

လူတော်လူကောင်း သူတော်ကောင်း (ဆောင်းပါး) — စာမျက်နှာ ၁၄


## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၂၀**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ကချင်ပြည်နယ်တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရွန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၆ ခုနှစ်၊ ဩဂုတ် ၂၁ ရက်၊ သောကြာနေ့။
မန္တလေး နေ့စဉ်

## နှစ်နိုင်ငံအကြား အာကာသကဏ္ဍ ပူးပေါင်းဆောင်ရွက်လျက်ရှိ

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့တွင် တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Roscosmos နိုင်ငံပိုင်ကော်ပိုရေးရှင်း၏ အထွေထွေညွှန်ကြားရေးမှူးချုပ် Mr. Dmitry V. Bakanov ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ဩဂုတ် ၁၉ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် တည်းခိုရာဟိုတယ်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါသွားသည့် ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာအာကာသအေဂျင်စီ အမှုဆောင်အရာရှိချုပ်၊ ဒုတိယဝန်ကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ Roscosmos နိုင်ငံပိုင်ကော်ပိုရေးရှင်း၏ အထွေထွေညွှန်ကြားရေးမှူးချုပ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ သံအမတ်ကြီးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

တွေ့ဆုံရာတွင် ရုရှားအာကာသစနစ်များကုမ္ပဏီ(RSS) နှင့် မြန်မာအာကာသအေဂျင်စီတို့အကြား ကမ္ဘာမြေစောင့်ကြည့်လေ့လာရေး(ERS) ဂြိုဟ်တုဓာတ်ပုံဖမ်းယူရေး သဘောတူစာချုပ် ချုပ်ဆိုပြီးစီးမှုနှင့် ဒေတာများဖမ်းယူလျက်ရှိမှု၊ အာကာသအေဂျင်စီနှစ်ခုအကြား တိုက်ရိုက်ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ခြင်းဖြင့် ရုရှား-မြန်မာနှစ်နိုင်ငံကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများထဲမှ ကြီးမားသည့် အောင်မြင်မှုမှတ်တိုင်တစ်ခုဖြစ်သကဲ့သို့ မြန်မာနိုင်ငံ၏ အာကာသနည်းပညာ ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း အထောက်အကူဖြစ်စေမှု၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရတို့အကြား ငြိမ်းချမ်းသော ရည်ရွယ်ချက်များအတွက် ပြင်ပအာကာသစူးစမ်းလေ့လာရေးနှင့် အသုံးပြုမှုနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့မှုနှင့် နိုင်ငံတော်သမ္မတ၏ ယခုခရီးစဉ်အတွင်း မြန်မာအာကာသအေဂျင်စီနှင့် ROSCOSMOS တို့အကြား အာကာသယာဉ်မှူး ရွေးချယ်လေ့ကျင့်ရေး၊ ဂြိုဟ်တုအခြေပြုရှာဖွေကယ်ဆယ်ရေးစနစ် (COSPAS-SARSAT)၊ ဂြိုဟ်တုလမ်းညွှန်မှုစနစ် တိုင်းတာရေးစခန်း(One Way Station)နှင့် ကမ္ဘာ့အနီး အာကာသအန္တရာယ် အလိုအလျောက်သတိပေးစနစ်(ASPOS)တို့ကို လက်တွေ့ပူးပေါင်းအကောင်အထည်ဖော်ရန်အတွက် နားလည်မှုစာချွန်လွှာများ၊ စာချုပ်များလက်မှတ်ရေးထိုးနိုင်ခဲ့မှု၊ မြန်မာနိုင်ငံမှ အာကာသယာဉ်မှူး ရွေးချယ်လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် အပြည်ပြည်ဆိုင်ရာ ဂြိုဟ်တုအခြေပြုကာကွယ်ရေးစနစ်(COPAD-SARSAT)၊ ဂြိုဟ်တုလမ်းညွှန်မှုစနစ် တိုင်းတာရေးစခန်း(One Way Station)၊ ကမ္ဘာ့အနီး အာကာသအန္တရာယ် အလိုအလျောက်သတိပေးစနစ်(ASPOS)၊ Rassvet အနိမ့်ပျံ ဆက်သွယ်ရေးဂြိုဟ်တုစနစ်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်မည့်ကိစ္စရပ်များ၊ နာနို ဂြိုဟ်တုတည်ဆောက်လွှတ်တင်ရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ အာကာသနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သာမက ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံအကြား အာကာသကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ(၃၄)နှစ်မြောက်အထိမ်းအမှတ် နှစ်ပတ်လည်မဂ္ဂဇင်းထုတ်ဝေနိုင်ရန် စာမူများရွေးချယ်

**မန္တလေး ဩဂုတ် ၂၀**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ (၃၄)နှစ်မြောက် အထိမ်းအမှတ်နှစ်ပတ်လည်မဂ္ဂဇင်း ထုတ်ဝေနိုင်ရေးအတွက် မဂ္ဂဇင်းတွင် မြို့တော်စည်ပင်၏ အများပြည်သူအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် အခြားသုတရသရရှိစေမည့် ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဘာသာပြန်၊ ဟာသပြဇာတ်၊ အားကစားကဏ္ဍ၊ ဘာသာရေး၊ ကျန်းမာရေး၊ ခံစားမှုစာစု၊ လူငယ်ကဏ္ဍစသည့် ကဏ္ဍစုံ ထည့်သွင်းဖော်ပြရေးအတွက် စာမူများရွေးချယ်ခြင်းကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာနရုံးတွင် ကျင်းပသည်။

ရေးဦးစွာ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန ဌာနမှူးက အဖွင့်အမှာစကားပြောကြားပြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ (၃၄)နှစ်မြောက် အထိမ်းအမှတ်နှစ်ပတ်လည်မဂ္ဂဇင်း ထုတ်ဝေနိုင်ရေးတွင် အသုံးပြုဖော်ပြသွားမည့် ဩဂုတ် ၁၄ ရက်တွင် ဖောင်ပိတ်ခဲ့သည့် စာမူများကို ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန ဒုတိယဌာနမှူး၊ ဌာနခွဲမှူးများ၊ ဌာနစုမှူးများနှင့်ဝန်ထမ်းများ၊ အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမရပူရမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်တို့မှ စာရေးဆရာများအသင်း ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ မန္တလေးနေ့စဉ်သတင်းစာတိုက် စာတည်းမှူးနှင့် အယ်ဒီတာများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြပြီး စာမူများကို ရွေးချယ်စိစစ်ခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၃)**

၀-၀-၀-၀-၀-၀
၀-၀-၀-၀-၀
၀-၀-၀-၀

## စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်၊စာစောင်များ ခင်းကျင်းပြသ

**အမရပူရ ဩဂုတ် ၂၀**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၌ ကျောင်းသား၊ ကျောင်းသူများ ဗဟုသုတတိုးပွားစေရန်၊ စာဖတ်သည့်အလေ့ကျင့်ကောင်းများ တိုးပွားစေရန်ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်၊ စာစောင်ပြပွဲကို ယနေ့နံနက် ၁၀ နာရီက အခြေခံပညာမူလတန်းကျောင်း (ဈေးချို)၌ ကျင်းပသည်။

ဦးစွာ အမရပူရမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သန္တာထွန်းက ကျောင်းသား၊ ကျောင်းသူလေးများအား လိမ္မာယဉ်ကျေးသောကလေးများဖြစ်စေရန်၊ စည်းကမ်းလိုက်နာတတ်သူများဖြစ်စေရန်နှင့် အချင်းချင်းရိုင်းပင်းကူညီတတ်သော လူတော်လူကောင်းလေးများဖြစ်စေရန် စသည့် အကြောင်းအရာများကို ဟောပြောပြီး စာဖတ်သည့် အလေ့အထကောင်းများ ရရှိစေရန်အတွက် လိမ္မာသောငှက်ကလေး ပုံပြင်ကိုဖတ်ပြကာ စာအုပ်၊ စာစောင်များ ဖတ်ရှုစေခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်နှင့် မူးယစ်ဆေးဝါးအသိပညာပေးနံရံကပ်စာစောင်များ၊ သုတရသစာအုပ်၊ စာစောင်များကို ခင်းကျင်းပြသခဲ့ရာ စိတ်ဝင်စားစွာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**လှဲ့လှဲ့နိုင်**

၀-၀-၀-၀-၀-၀

## မီးလောင်မှုအတွက် အာမခံလျော်ကြေး ငွေကျပ် ၂၈၉ သန်းကျော် FNI အမြန်ပေးလျော်

**မန္တလေး ဩဂုတ် ၂၀**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၃၄ လမ်း၊ ၈၅ လမ်းနှင့် ၈၆ လမ်းကြားရှိ ပရဆေးကုန်ကြမ်း သိုလှောင်ဂိုထောင် မီးလောင်မှုအတွက် First National Insurance (General) Company Limited (FNI)က အာမခံလျော်ကြေး ငွေကျပ် ၂၈၉၃၂၇၇၅၇ (ကျပ် ၂၈၉ သန်းကျော်) ကို အာမခံထားသူထံ ဩဂုတ် ၁၉ ရက်တွင် ပေးလျော်ခဲ့ကြောင်း သိရသည်။




အဆိုပါ မီးလောင်မှုသည် ဩဂုတ် ၆ ရက် နံနက်အစောပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မီးလောင်ခဲ့သည့် အဆောက်အအုံမှာ FNI တွင် မီးအာမခံထားရှိထားသည့် အဆောက်အအုံဖြစ်ကြောင်း သိရသည်။ (ဝဲပုံ)

မီးလောင်မှုဖြစ်ပွားပြီးနောက် FNI မှတာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးမှုများ အမြန်ဆုံးပြုလုပ်ခဲ့ပြီး အာမခံလျော်ကြေးငွေ ပေးလျော်နိုင်ရေးအတွက် အာမခံထားသူနှင့်ပူးပေါင်းကာ လိုအပ်သည့် လုပ်ငန်းစဉ်များကို စိစစ်ဆောင်ရွက်ခဲ့ကြောင်း ကုမ္ပဏီ၏ ထုတ်ပြန်ချက်အရ သိရသည်။

FNI သည် ၂၀၁၃ ခုနှစ်မှ စတင်၍ လက်ရှိတွင် အာမခံအမျိုးအစား ၁၄ မျိုးကို ဝန်ဆောင်မှုပေးနေပြီး မြန်မာနိုင်ငံတစ်ဝန်း ရုံးခွဲ ၁၇ ရုံးနှင့် ဝန်ထမ်း ၃၀၀ ကျော်ဖြင့် ဝန်ဆောင်မှုပေးနေကြောင်း သိရသည်။

ကုမ္ပဏီ၏ ထုတ်ပြန်ချက်အရ ၁၃ နှစ်ကျော်ကာလအတွင်း မန္တလေးငလျင်ကြီး ဖြစ်စဉ်အပါအဝင် အာမခံလျော်ကြေးငွေ စုစုပေါင်း ကျပ် ၄၅ ဘီလီယံကျော် ပေးလျော်ထားပြီးဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

**သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ထွက်ခွာ၊ ဘယ်လာရုစ်နိုင်ငံသို့ ရောက်ရှိ

နေပြည်တော် ဩဂုတ် ၂၀

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ တရားဝင်ခရီးစဉ် ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားဝင်ခရီးစဉ်အပြီးတွင် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ် ဆက်လက်သွားရောက်ရန်အတွက် ယနေ့ ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် မော်စကိုမြို့ ဘနုကာဘာ အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့သို့ ဆက်လက်ထွက်ခွာကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Andrey Rudenko နှင့် တာဝန်ရှိသူများက မော်စကိုမြို့ရှိ ဘနုကာဘာအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံဂုဏ်ပြုတပ်ဖွဲ့ဖြင့် ပို့ဆောင်နှုတ်ဆက်ကြစဉ်။

နိုင်ငံတော်သမ္မတ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ရုရှားနိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Andrey Rudenko နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ပို့ဆောင်နှုတ်ဆက်ကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဘယ်လာရုစ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Viktor Karankievch နှင့် တာဝန်ရှိသူများက ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြစဉ်။

ဦးစွာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူသည်။ ထိုသို့ဂုဏ်ပြုတပ်ဖွဲ့က ပို့ဆောင်နှုတ်ဆက်စဉ် မြန်မာ-ရုရှား နှစ်နိုင်ငံ နိုင်ငံတော် တေးသီချင်းများကို တီးမှုတ်ကြသည်။ ယင်းနောက် နိုင်ငံတော်သမ္မတသည် ဘနုကာဘာ အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ အထူးလေယာဉ်ဖြင့် ဘယ်လာရုစ်နိုင်ငံသို့ ဆက်လက်ထွက်ခွာခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြရာ ဘယ်လာရုစ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Viktor Karankievch၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr. Sergey Lukashevich နှင့် ဘယ်လာရုစ်နိုင်ငံ အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံ သံအမတ်ကြီး၊ ဘယ်လာရုစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမောင်မောင်စိုး နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

လေဆိပ်တွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က ကော်ဇောနီလျှောက်လမ်း၏ တစ်ဖက်တစ်ချက်တွင် နေရာယူ၍ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် လာရောက်သည့် နိုင်ငံ့ခေါင်းဆောင်များအား ကြိုဆိုသည့်အစဉ်အလာနှင့်အညီ ဂုဏ်ပြုကြိုဆိုခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် မင့်စ်မြို့ရှိ The Victory Monument ရှိ လွမ်းသူ့ပန်းခွေချ အလေးပြုမည့်နေရာသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက The Victory Monument ၌ လွမ်းသူ့ပန်းခွေချ အလေးပြုရာ ဘယ်လာရုစ်နိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် ဘယ်လာရုစ် သမ္မတနိုင်ငံတော် သီချင်းတို့ကို တီးမှုတ်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကိုခံယူပြီး တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

အဆိုပါ မင့်စ်မြို့ရှိ The Victory Monument (အောင်ပွဲခံအထိမ်းအမှတ် ကျောက်တိုင်)သည် ဒုတိယကမ္ဘာစစ်အတွင်း နာဇီကျူးကျော်သူများအား တွန်းလှန်တိုက်ခိုက်ရင်း ကျဆုံးခဲ့ရသည့် ဆိုဗီယက်တပ်မတော်သားများနှင့် ဘယ်လာရုစ် ပြောက်ကျားရဲဘော်များအား ရည်စူး၍ ၁၉၅၄ ခုနှစ်တွင် တည်ဆောက်ခဲ့သော နိုင်ငံ၏သမိုင်းဝင် အထင်ကရနေရာ တစ်ခုဖြစ်ကြောင်း၊ အမြင့် ၃၈ မီတာရှိသည့် ၎င်းကျောက်တိုင် ခြေရင်းတွင် ကျဆုံးသူများအား အောက်မေ့သတိရသောအားဖြင့် 'ထာဝရငြိမ်းချမ်းရေး မီးတောက်'ကို အမြဲမပြတ် ထွန်းညှိထားရှိပြီး လက်ရှိတွင် နိုင်ငံတကာ သံတမန်များနှင့် နိုင်ငံ့ခေါင်းဆောင်များ လာရောက်ဂုဏ်ပြုအလေးပြုရာ နေရာတစ်ခုဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**


နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မင့်စ်မြို့ The Victory Monument ၌ လွမ်းသူ့ပန်းခွေချစဉ်။


နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မင့်စ်မြို့ The Victory Monument ၌ လွမ်းသူ့ပန်းခွေချရန် ရှေ့ဆောင်စစ်သည်နှစ်ဦးဦးဆောင်၍ လွမ်းသူ့ပန်းခွေအား သယ်ဆောင်လာစဉ်။

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် Grodno Azot ဓာတ်မြေဩဇာစက်ရုံသို့ သွားရောက်ကြည့်ရှုလေ့လာ





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် Grodno မြို့ရှိ Grodno Azot ဓာတ်မြေဩဇာစက်ရုံတွင် ကြည့်ရှုလေ့လာစဉ်။

နေပြည်တော် ဩဂုတ် ၂၀

ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့၌ တရားဝင်ခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ ယနေ့ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် မင့်စ်မြို့မှ Grodno မြို့ Grodno Azot ဓာတ်မြေဩဇာစက်ရုံသို့ ရဟတ်ယာဉ်များဖြင့် သွားရောက်ကြည့်ရှုလေ့လာကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် မင့်စ်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြပြီး မင့်စ်မြို့မှ Grodno မြို့သို့ သွားရာလမ်းတစ်လျှောက် ဘယ်လာရုစ်နိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ လမ်းပန်းဆက်သွယ်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုနှင့် ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်လျက်ရှိမှု အခြေအနေများကို ရဟတ်ယာဉ်ပေါ်မှနေ၍ ကြည့်ရှုလေ့လာကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် Grodno မြို့လေဆိပ်သို့ ရောက်ရှိကြရာ Grodno ပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Yuri Khadzhimuratovich နှင့် အစိုးရအဖွဲ့မှ တာဝန်ရှိသူများက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် Grodno မြို့လေဆိပ်မှ Grodno Azot ဓာတ်မြေဩဇာစက်ရုံသို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြပြီး ဓာတ်မြေဩဇာစက်ရုံသို့ ရောက်ရှိကြရာ စက်ရုံအထွေထွေအတွင်းရေးမှူးချုပ် Mr. Lyashenko Igor Vasilyevich နှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် စက်ရုံဧည့်ခန်းမ၌ Grodno ပြည်နယ်အကြီးအကဲက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တက်ရောက်ကြသည်။ နေ့လယ်စာစားပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် Grodno ပြည်နယ်အကြီးအကဲတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များအား စက်ရုံအစည်းအဝေးခန်းမတွင် စက်ရုံအထွေထွေအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများက စက်ရုံ၏ သမိုင်းကြောင်း၊ စက်ရုံလုပ်ငန်းဆောင်ရွက်လျက်ရှိမှု၊ လုပ်ငန်းဆိုင်ရာကျွမ်းကျင်မှုသင်တန်းများ သင်ကြားပေးနိုင်မှု၊ နှစ်အလိုက် ဓာတ်မြေဩဇာများ ထုတ်လုပ်နိုင်မှု၊ စက်ရုံမှ ဘယ်လာရုစ်နိုင်ငံ၏ ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေး စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်လျက်ရှိသော ဓာတ်မြေဩဇာများ ထုတ်လုပ်လျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများသို့လည်း တင်ပို့ရောင်းချလျက်ရှိမှု၊ ဓာတ်မြေဩဇာစက်ရုံမှ အခြားထုတ်ကုန်ပစ္စည်းများကိုလည်း ထုတ်လုပ်လျက်ရှိမှု၊ ဈေးကွက်လိုအပ်ချက်ရှိသည့် နိုင်လွန်ကြိုးနှင့် အခြားဆက်စပ်ပစ္စည်းများကို ထုတ်လုပ်လျက်ရှိမှု၊ ဈေးကွက်သို့ ဖြန့်ခွဲရောင်းချလျက်ရှိမှုနှင့် မြန်မာနိုင်ငံသို့ ဓာတ်မြေဩဇာများတင်ပို့နိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ ပြန်လည်မေးမြန်း ဆွေးနွေးပြောကြားသည်။ ထို့နောက် နိုင်ငံတော်သမ္မတသည် စက်ရုံဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် စက်ရုံပြခန်းအတွင်း ပြသထားရှိသည့် ဓာတ်မြေဩဇာစက်ရုံ ပုံစံငယ်ကို ကြည့်ရှုပြီး စက်ရုံအထွေထွေအတွင်းရေးမှူးချုပ်က နိုင်ငံတော်သမ္မတ ထံ Grodno Azot ဓာတ်မြေဩဇာစက်ရုံ အမှတ်တံဆိပ် လက်ဆောင်ပေးအပ်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေး ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် Grodno မြို့လေဆိပ်မှ ပြန်လည်ထွက်ခွာကြရာ Grodno ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီး လိုက်ပါပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

အဆိုပါ Grodno Azot ဓာတ်မြေဩဇာစက်ရုံသည် ဘယ်လာရုစ်နိုင်ငံ ဂရော့ဒ်နိုမြို့ (Grodno)တွင်တည်ရှိပြီး ၁၉၆၃ ခုနှစ်ကတည်းက စတင်လည်ပတ်ခဲ့သော ဥရောပတိုက်၏အကြီးဆုံး နိုက်ထရိုဂျင်အခြေခံဓာတ်မြေဩဇာနှင့် ဓာတုပစ္စည်းထုတ်လုပ်ရေး နိုင်ငံပိုင်စက်ရုံကြီးတစ်ခုဖြစ်ကြောင်း၊ အဆိုပါစက်ရုံသည် အမိုးနီးယား (Ammonia)၊ ယူရီးယား (Urea) နှင့် နိုက်ထရိုဂျင် ဓာတ်မြေဩဇာအမျိုးမျိုးကို အဓိကထုတ်လုပ်ပြီး ပြည်တွင်းစိုက်ပျိုးရေးကဏ္ဍကို ပံ့ပိုးပေးနေသည့်အပြင် ကမ္ဘာ့နိုင်ငံပေါင်းများစွာသို့လည်း တင်ပို့နေသည့် ဘယ်လာရုစ်နိုင်ငံ၏ စီးပွားရေးဆိုင်ရာ အရေးပါသော စက်ရုံကြီးတစ်ခုဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် Grodno မြို့ရှိ Grodno Azot ဓာတ်မြေဩဇာစက်ရုံပြခန်းအတွင်း ပြသထားရှိသည့် ဓာတ်မြေဩဇာစက်ရုံ ပုံစံငယ်ကို ကြည့်ရှုစဉ်။

---

☆ ရှေ့ဖုံးမှ

တရားဝင်ခရီးစဉ်လာရောက်ခဲ့မှုအပေါ် ဘယ်လာရုစ်နိုင်ငံမှ လှိုက်လှဲနွေးထွေးစွာဖြင့် ကြိုဆိုပါကြောင်း၊ မိမိတို့သမ္မတကြီးနှင့် အဆွေတော်သမ္မတကြီးတို့ အနေဖြင့် ပုဂ္ဂိုလ်ရေးအရ ခင်မင်ရင်းနှီးကြပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံမှုများကို ပိုမိုတိုးတက်ခိုင်မာအောင် အလေးထားဆောင်ရွက်နေသည်ကို မိမိတို့အနေဖြင့် သိရှိပါကြောင်း၊ မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာလမ်းပြမြေပုံ (၂၀၂၆-၂၀၂၈) ကိုလည်း ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်စေရေးအတွက် ဆွေးနွေးဆောင်ရွက်သွားပြီး အောင်မြင်သည့် ခရီးစဉ်တစ်ခုဖြစ်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ပြန်လည်ဆွေးနွေးပြောကြားရာတွင် မိမိဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို ဘယ်လာရုစ်နိုင်ငံမှ လှိုက်လှဲနွေးထွေးစွာဖြင့် ကြိုဆိုသည့်အတွက် ဝမ်းမြောက်ကျေးဇူးတင်ရှိကြောင်း၊ မိမိတို့ ကိုယ်စားလှယ်အဖွဲ့ရောက်ရှိချိန်တွင် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့၏ ရာသီဥတုမှာ အေးမြကောင်းမွန်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ဘယ်လာရုစ်နိုင်ငံသို့ ယခုလာရောက်သည့်ခရီးစဉ်အတွင်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍပေါင်းစုံတွင် အောင်မြင်စွာ ဆွေးနွေးနိုင်မည်ဟု ယုံကြည်ကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်ပြီး အရှေ့တောင်အာရှတွင် ဘယ်လာရုစ်နိုင်ငံ၏ မိတ်ဆွေရင်းနိုင်ငံတစ်ခုဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ဘယ်လာရုစ်နိုင်ငံဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံအကြား စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍအပါအဝင် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

❒ Times Cityမှ

ပွဲတော်၌ အရည်အသွေးမြင့် ရတနာအချောထည်များအပြင် အကြမ်းထည် ကျောက်မျက်များ၊ မြင်တွေ့ရခဲသည့် ရှားပါးရတနာမျိုးစုံကို တစ်နေရာတည်းတွင် စုံလင်စွာ ပြသရောင်းချမည်ဖြစ်ပြီး ပြည်သူချစ်အနုပညာရှင် Celebrity ပေါင်းများစွာ ပါဝင်တက်ရောက်မည်ဖြစ်သည်။ ကျောက်မျက်ရတနာ စိတ်ပါဝင်စားသူများ၊ စေတနာရှင်များအတွက် လေ့လာနိုင်ရန်နှင့် မိမိနှစ်သက်ရာ ရတနာများကို စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်ရန် အခွင့်အရေး ဖန်တီးပေးခြင်းဖြစ်သည်။

ကျောက်မျက်ရတနာများ၏ အလှတရားနှင့် တန်ဖိုးကို ကိုယ်တိုင်တွေ့မြင် လေ့လာနိုင်ရန်အတွက် ရတနာချစ်သူများနှင့် မိတ်ဆွေများကို Jewellery Mall သို့ လာရောက်ရန် ကြိုတင်ဖိတ်ခေါ်ထားကြောင်း သိရသည်။

TWA

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်သို့ တက်ရောက်အဖွင့်အမှာစကားပြောကြား



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်တွင် အဖွင့်အမှာစကားပြောကြားစဉ်။

နေပြည်တော် ဩဂုတ် ၂၀

မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်အား ယနေ့ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် မင့်စ်မြို့ President ဟိုတယ်၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါ မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ် အခမ်းအနားသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အတူ ဘယ်လာရုစ်နိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Alexander Turchin၊ ခရီးစဉ်တွင် လိုက်ပါလာသည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံ သံအမတ်ကြီးနှင့် ဘယ်လာရုစ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နာယကနှင့် အဖွဲ့ဝင်များ၊ နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။



ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Alexander Turchin မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်တွင် အဖွင့်အမှာစကားပြောကြားစဉ်။

ဦးစွာ ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်နှင့်တကွ မြန်မာကိုယ်စားလှယ်အဖွဲ့အား ဘယ်လာရုစ်သမ္မတနိုင်ငံမှ နွေးထွေးစွာ ကြိုဆိုပါကြောင်း၊ ယနေ့ ကျင်းပပြုလုပ်သည့် ဘယ်လာရုစ်-မြန်မာ စီးပွားရေးဖိုရမ်ကို ဖွင့်လှစ်ပေးရသည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ယခုဖိုရမ်သည် နှစ်နိုင်ငံဆက်ဆံရေး၏ ကောင်းမွန်သော တိုးတက်မှုအရှိန်အဟုန်ကို ထင်ရှားစွာသက်သေပြနေခြင်းပင် ဖြစ်ကြောင်း၊ နှစ်နိုင်ငံခေါင်းဆောင်များအချင်းချင်း ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးရှိမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှု၊ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအရှိန်အဟုန်မြှင့်တင် တိုးတက်စေရေး ဆောင်ရွက်သွားမည့် အခြေအနေများ၊ စက်မှုကုန်ထုတ်လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ အထည်အလိပ်နှင့် လူသုံးကုန်စက်မှုကဏ္ဍ၊ စိုက်ပျိုးရေးနှင့် အစားအသောက်ကဏ္ဍ၊ ကျန်းမာရေးနှင့်ဆေးဝါးထုတ်လုပ်မှုကဏ္ဍ၊ အဆင့်မြင့်နည်းပညာသိပ္ပံနှင့် လူ့စွမ်းအားအရင်းအမြစ် လေ့ကျင့်ပျိုးထောင်ရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုများအတွက် တားဆီးကန့်သတ်ချက်မရှိသော ဥပဒေရေးရာပတ်ဝန်းကျင်နှင့် ဘဏ္ဍာရေး၊ ပို့ဆောင်ရေး အခြေခံအဆောက်အအုံများ ဖန်တီးခြင်းကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြား ဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ကမ္ဘာ့စီးပွားရေးသည်လျင်မြန်စွာ ပြောင်းလဲတိုးတက်လျက်ရှိပြီး နိုင်ငံများအနေဖြင့် မိမိတို့၏ စီးပွားရေးအင်အားကို မြှင့်တင်ရန်အတွက် အပြန်အလှန် အကျိုးရှိစေမည့်မဟာဗျူဟာမြောက်စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုများကို ပိုမိုတည်ဆောက်ရန် ကြိုးပမ်းလျက်ရှိကြကြောင်း။

အထူးသဖြင့် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းများအကြား B to B ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ခြင်း၊ ပူးတွဲစီးပွားရေးစီမံကိန်းများ ဖော်ဆောင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သတင်းအချက်အလက်နှင့် အခွင့်အလမ်းများ အပြန်အလှန်မျှဝေခြင်း၊ စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ အတားအဆီးများကို အပြန်အလှန် ဆွေးနွေးဖြေရှင်းခြင်းတို့သည် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုထိရောက်စွာ မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း။

ယနေ့ဖိုရမ်သည် မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကို အခြေခံပြီး စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုဆိုင်ရာ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာနက်ရှိုင်းစေရန်အတွက် အလွန်အရေးပါသည့် အခွင့်အလမ်းတစ်ရပ်ဖြစ်ကြောင်း။

## မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံ မိတ်ဖက်ဆက်ဆံရေး

မြန်မာနိုင်ငံနှင့်ဘယ်လာရုစ်နိုင်ငံတို့သည် တည်နေရာအရ အလှမ်းဝေးကွာသော်လည်း ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်ယုံကြည်မှု အပြည့်အဝရှိသည့် မိတ်ဆွေစစ်နိုင်ငံများ ဖြစ်ကြောင်း၊ မြန်မာနှင့် ဘယ်လာရုစ်နှစ်နိုင်ငံသည် ၁၉၉၉ ခုနှစ် စက်တင်ဘာလမှစပြီး သံတမန်ဆက်ဆံရေး ထူထောင်ခဲ့ခြင်းဖြစ်သည့်အတွက် ယခုအခါ ၂၆ နှစ်ရှိခဲ့ပြီဖြစ်ပြီး နှစ်နိုင်ငံဆက်ဆံရေးသည် သိသာစွာ တိုးတက်လာသည်ကို အထင်အရှားတွေ့မြင်နိုင်မည်ဖြစ်ကြောင်း။

ထို့ပြင် နှစ်နိုင်ငံဆက်ဆံရေးသည် "အနီးကပ်ဆုံးအဆင့်"နှင့် "အမြင့်ဆုံးအဆင့်" ရောက်ရှိလာပြီး ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးကိုလည်း မြန်မာသံရုံးအဖြစ် အဆင့်မြှင့်တင်နိုင်ခဲ့ခြင်းသည် သိသာထင်ရှားသည့် မှတ်တိုင်တစ်ရပ်ဖြစ်ကြောင်း၊ ဘယ်လာရုစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် နှစ်နိုင်ငံ မိတ်ဖက်ဆက်ဆံရေးသာမက နိုင်ငံတကာမျက်နှာစာတွင်လည်း စိန်ခေါ်မှုများရှိသည့် ကာလ၌ပင် ခိုင်မာစွာ အတူယှဉ်တွဲရပ်တည်ပြီး ပံ့ပိုးကူညီမှုများကို အစဉ်တစိုက် ပေးအပ်ခဲ့သည့်အတွက် အထူးကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း။

မျက်မှောက်ခေတ် ကမ္ဘာ့ပထဝီနိုင်ငံရေးနှင့် ပထဝီစီးပွားရေး စိန်ခေါ်မှုများ မြင့်မားနေသည့် ကာလအတွင်း၌ပင် မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံဆက်ဆံရေးသည် အပြန်အလှန်ယုံကြည်မှုတို့ဖြင့် ပိုမိုအားကောင်းခိုင်မာစွာ တိုးမြှင့် ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ အနာဂတ်တွင်လည်း ယခုထက် ပိုမိုတိုးတက်အောင် မြှင့်တင်ဆောင်ရွက်ရန်အတွက် မိမိတို့အနေဖြင့် ခိုင်မာသည့်သန္နိဋ္ဌာန်ချမှတ်ထားကြောင်း၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု သမိုင်းကောင်းကို အခြေခံပြီး စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို မဟာဗျူဟာမြောက် တိုးမြှင့်အကောင်အထည်ဖော်ရမည့်အချိန်ကို ရောက်ရှိနေပြီဖြစ်ကြောင်း။

## နှစ်နိုင်ငံစီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေး

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို မြှင့်တင်ရန်အတွက် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုသည် မောင်းနှင်အားတစ်ရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုများသာမက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ မြန်မာနိုင်ငံ အထူးစီးပွားရေးဇုန် ဥပဒေတို့နှင့်အညီ အားပေးဖိတ်ခေါ်နေကြောင်း၊ ထို့ပြင် မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်နိုင်ရန်အတွက် နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများ၊ သဘောတူစာချုပ်များကို လက်မှတ်ရေးထိုး ဆောင်ရွက်လျက်ရှိကြောင်း။

ထိုသို့ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား ကုန်သွယ်မှုနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း၊ လက်ရှိကာလတွင်လည်း မိမိတို့အနေဖြင့် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများကို အကာအကွယ် ပေးနိုင်ရန်အတွက် အလွန်အရေးပါသည့် လုပ်ငန်းစဉ်များကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း။

အထူးသဖြင့် မြန်မာနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ရန်အတွက် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း၊ ထို့ပြင် မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရေးနှင့် အပြန်အလှန် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်ကို အမြန်ဆုံး ချုပ်ဆိုနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

ထို့အတူ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကိုအထောက်အကူပြုစေမည့် သိပ္ပံနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နားလည်မှု စာချွန်လွှာများ၊ အကောက်အခွန်ဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများ၊ ပို့ကုန်ချေးငွေမူဘောင် သဘောတူညီချက်များ အပါအဝင် ကုန်သွယ်ရေး၊ စီးပွားရေး၊ သိပ္ပံနည်းပညာနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်/စာချွန်လွှာများကို လက်မှတ်ရေးထိုးထားပြီးဖြစ်ကြောင်း။

အထူးသဖြင့် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှု အပါအဝင် နယ်ပယ်စုံ၊ ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများကို မဟာဗျူဟာမြောက် တိုးမြှင့်နိုင်ရန်အတွက် မြန်မာ - ဘယ်လာရုစ် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ (၂၀၂၆-၂၀၂၈)ကိုလည်း ရေးဆွဲအတည်ပြု လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း၊ အဆိုပါ လမ်းပြမြေပုံထဲတွင် ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှု၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်မည့် အစီအစဉ်များအပြင် စက်မှု၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ဘဏ်လုပ်ငန်း၊ ပညာရေးနှင့် ခရီးသွားလုပ်ငန်းစသည့် ကဏ္ဍစုံတွင် လက်တွဲဆောင်ရွက်မည့် အသေးစိတ်အစီအစဉ်များလည်း ပါဝင်ကြောင်း။

ထို့ကြောင့် မိမိတို့၏ ပူးပေါင်းဆောင်ရွက်မှုသည် တိကျသည့် အချိန်ဇယားနှင့် ရည်မှန်းချက်များအပေါ် အခြေခံကြောင်းပြသနေပြီး နှစ်နိုင်ငံ စီးပွားရေးဆက်ဆံမှု မြှင့်တင်ရန်အတွက် အရေးကြီးသည့် ခြေလှမ်းသစ်ဖြစ်လာမည်ဟု ယုံကြည်ကြောင်း၊ မြန်မာနိုင်ငံအတွင်း၌လည်း ပြည်တွင်းထုတ်လုပ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို အကာအကွယ်ပေးရာတွင် နိုင်ငံတကာစံနှုန်းများနှင့်အညီ ရေးဆွဲပြဋ္ဌာန်းထားသည့် ရင်းနှီးမြှုပ်နှံမှုဥပဒေများသာမက မူပိုင်ခွင့်ဥပဒေ(၄)ရပ်ကို အပြည့်အဝအကောင်အထည်ဖော်နေပြီဖြစ်သည့်အတွက် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံ ဖန်တီးထုတ်လုပ်သည့် ထုတ်ကုန်များအတွက် ကမ္ဘာ့နိုင်ငံများနည်းတူ မူပိုင်ခွင့်ဆိုင်ရာ အကာအကွယ်များပါ ရရှိပြီဖြစ်ကြောင်း။ စာမျက်နှာ ၆ သို့ »»»

»»» စာမျက်နှာ ၅ မှ

## မြန်မာနိုင်ငံ၏ ဈေးကွက်အခြေအနေနှင့် လူသားအရင်းအမြစ်

မြန်မာနိုင်ငံ၏ နေပြည်တော်မြို့မှ ဗဟိုပြုပြီး ကီလိုမီတာ ၄၀၀၀ အချင်းရှိသည့် စက်ဝိုင်းဆွဲကြည့်ပါက ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ဖြစ်သည့် လေးဘီလီယံကျော်သည် စက်ဝိုင်းထဲ ဝင်နေသည်ကို တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံသည် ကမ္ဘာ့လူဦးရေ အများဆုံးဖြစ်သည့် အိန္ဒိယနှင့် တရုတ်နိုင်ငံတို့နှင့် နယ်နိမိတ်ထိစပ်နေပြီး အရှေ့တောင်အာရှနှင့် အာရှဈေးကွက်နှစ်ခုကို ဆက်သွယ်ထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သကဲ့သို့ အိန္ဒိယသမုဒ္ဒရာကို မျက်နှာမူထားသည့် နိုင်ငံလည်းဖြစ်ကြောင်း။

ထို့ပြင် ဒေသတွင်း ဆက်သွယ်မှုလမ်းကြောင်းများ ဖြစ်သည့် အိန္ဒိယ – မြန်မာ – ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီး၊ အာဆီယံ အဝေးပြေးလမ်းကွန်ရက်၊ အရှေ့အနောက်စီးပွားရေးစင်္ကြံ၊ တရုတ်- မြန်မာ စီးပွားရေးစင်္ကြံတို့၏ အလယ်ဗဟိုတွင် တည်ရှိနေကြောင်း၊ မိမိတို့နိုင်ငံလူဦးရေမှာ ၅၁ သန်းရှိပြီး လုပ်ငန်းခွင်ဝင်နိုင်သူ ၆၇ ရာခိုင်နှုန်းရှိကြောင်း၊ နိုင်ငံ့လူဦးရေ၏ ၃၀ ရာခိုင်နှုန်းသည် မြို့ပြနေထိုင်သူများဖြစ်ပြီး ကျန် ၇၀ ရာခိုင်နှုန်းသည် ကျေးလက်တွင် နေထိုင်ကြကြောင်း၊ ကျေးလက်နေလူဦးရေ၏ ၅၀ ရာခိုင်နှုန်းခန့်သည် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် ရေထွက်ကုန်လုပ်ငန်းများကို အခြေခံသည့် စီးပွားရေးကို လုပ်ကိုင်ဆောင်ရွက်ကြကြောင်း။

## မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းများ

နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်နိုင်ရန် ဘယ်လာရုစ်လုပ်ငန်းရှင်များအတွက် မြန်မာနိုင်ငံ၏ စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများကို ဆွေးနွေးပြောကြား လိုကြောင်း၊ မြန်မာနိုင်ငံသည် တရုတ်၊ အိန္ဒိယ၊ တောင်အာရှ၊ အရှေ့တောင်အာရှနှင့်အိန္ဒိယသမုဒ္ဒရာတို့ကိုဆက်သွယ်ပေးနိုင်သောနေရာတွင် တည်ရှိကြောင်း၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် မဟာဗျူဟာရေးရာများတွင် တည်နေရာအရ အချက်အချာကျပြီး စိုက်ပျိုးဖြစ်ထွန်းသည့် မြေဧရိယာများစွာ ရှိသကဲ့သို့ သဘာဝ အရင်းအမြစ်လည်း ကြွယ်ဝကြောင်း၊ ပူအိုက်စွတ်စိုသည့် ရာသီဥတုရှိခြင်းကြောင့် ၁၂ လရာသီပတ်လုံး စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ဆောင်ရွက်နိုင်ကြောင်း၊ ဘယ်လာရုစ်နိုင်ငံသည် မွေးမြူရေး နည်းပညာမြင့်မားသည့်နိုင်ငံဖြစ်ခြင်းကြောင့် ကြက်၊ ဝက်၊နွားမွေးမြူရေးများလာရောက် ရင်းနှီးမြှုပ်နှံ ဆောင်ရွက်ပြီး အိမ်နီးချင်းတရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် အခြားအာရှဒေသများကို တင်ပို့ရောင်းချနိုင်ကြောင်း။

မိမိတို့အစိုးရအနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်အောင် မူဝါဒချမှတ်အကောင်အထည်ဖော်ရာတွင် မိမိနိုင်ငံ၏ ရေ၊ မြေ၊ ရာသီဥတု၊ တည်နေရာ အားသာချက်များကို အခြေပြုပြီး စိုက်ပျိုးမွေးမြူရေး အခြေခံစက်မှု နိုင်ငံအဖြစ် ဦးတည်ဖော်ဆောင်နေကြောင်း၊ ဘယ်လာရုစ်နိုင်ငံမှ စိုက်ပျိုးရေးနည်းပညာများ၊ ဓာတ်မြေဩဇာ၊ လယ်ယာသုံးစက်ပစ္စည်းများသည် အရည်အသွေးကောင်းမွန်ကြောင်း၊ ထို့ကြောင့် မိမိတို့ မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍကို Smart Agriculture စနစ်သို့ အောင်မြင်စွာ ကူးပြောင်း နိုင်ရန်အတွက် ဘယ်လာရုစ်နိုင်ငံမှ လုပ်ငန်းရှင်များအနေဖြင့် လယ်ယာစိုက်ပျိုးမှု (Farming)မှသည် စားသောက်ကုန်ထုတ်လုပ်မှု (Food Processing) လုပ်ငန်းများအထိ နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်လိုကြောင်း။

ထို့ပြင် ဘယ်လာရုစ်၏ အရည်အသွေးမြင့် လယ်ယာသုံးစက်ပစ္စည်းများ၊ စက်ယန္တရားများနှင့် စက်ပစ္စည်းများကို မြန်မာနိုင်ငံသို့ တင်သွင်းအသုံးပြုနိုင်မည့် အလားအလာများရှိပြီး မြန်မာနိုင်ငံတွင် ပူးပေါင်း ထုတ်လုပ်ရန်အတွက်လည်း ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်လိုကြောင်း၊ နောက်ထပ်အခွင့်အလမ်းတစ်ခုအနေဖြင့် လူသုံးကုန်၊ နို့နှင့် နို့ထွက်ပစ္စည်း၊ ဆေးနှင့် ဆေးပစ္စည်းများကို ပြည်တွင်း၌ ပိုမိုထုတ်လုပ်ရန် အားပေးလျက်ရှိကြောင်း၊ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုတွင် အဆွေတော်တို့အနေဖြင့် အဆိုပါလုပ်ငန်းများတွင် လာရောက် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းများစွာရှိကြောင်း။

ထို့ပြင် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း ဦးစားပေး အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ထို့ကြောင့် ခေတ်မီသိုလှောင်ရုံများ၊ အအေးခန်းသိုလှောင်ရုံများ၊ ကုန်စည်ပို့ဆောင်ရေး အခြေခံအဆောက်အအုံများကဲ့သို့ စီးပွားရေးစီမံကိန်းများနှင့် ထောက်ပံ့ပို့ဆောင်ရေး လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန်ဖိတ်ခေါ်ပါကြောင်း။

ထို့အတူ အစိုးရအနေဖြင့် နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အားဖူလုံမှုရှိစေရေး ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများကို အားပေးဖိတ်ခေါ်လျက်ရှိပြီး အထူးသဖြင့် ရေအားလျှပ်စစ်၊ နေရောင်ခြည် စွမ်းအင်၊ လေစွမ်းအင်၊ ဇီဝစွမ်းအင် အသုံးပြုသည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဖိတ်ခေါ်နေကြောင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍမှ ရေအားလျှပ်စစ်ထုတ်လုပ်ရာတွင် မြန်မာနိုင်ငံသည် ဧရာဝတီမြစ်၊ သံလွင်မြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်နိုင်ငံ ဝန်ကြီးချုပ်တို့ မြန်မာ – ဘယ်လာရုစ် စီးပွားရေးဖိုရမ်တွင် ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံမှ ထုတ်ကုန်ပစ္စည်းပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

စသည့် မြစ်ကြီး လေးစင်းအပြင် မြစ်ချောင်းပေါင်း ၁၀၀၀ ကျော်ရှိပြီး နှစ်စဉ် မိုးရေချိန် ၂၀၀၀ – ၅၀၀၀ မီလီမီတာ ရွာသွန်းခြင်းကြောင့် ရေအားလျှပ်စစ်ကို ၁၀၀ ဂစ်ဂါဝပ်အထိ ထုတ်လုပ်နိုင်စွမ်းရှိပြီး ၄၀–၅၀ ဂစ်ဂါဝပ်အထိ စီးပွားဖြစ်ထုတ်လုပ်နိုင်ကြောင်း၊ ထို့အပြင် အပူပိုင်းဒေသ နေရောင်ခြည်ခါးပတ်ကွင်းအတွင်း တွင်ရှိသည့် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် နေရောင်ခြည်စွမ်းအင်ကို နှစ်စဉ် ၅၁၉၇၃ ဒသမ ၈ တယ်ရာဝပ်နာရီအထိ ထုတ်လုပ်နိုင်စွမ်းရှိကြောင်း။

မြန်မာနိုင်ငံ၏ တီကျစ်ဒေသ၊ နမ်းမားဒေသနှင့် မော်လိုက်ဒေသများသည်လည်း ကျောက်မီးသွေးများ ထွက်ရှိရာဒေသများဖြစ်ပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနည်းပါးသည့် အဆင့်မြင့်နည်းပညာများ အသုံးပြုကာ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများကိုလည်း တည်ဆောက်ပြီး လျှပ်စစ်ဓာတ်အားဖူလုံမှုရှိစေရေး ဆောင်ရွက်နိုင်ကြောင်း၊ ထို့ကြောင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုလုပ်ငန်းများတွင် ဘယ်လာရုစ်လုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်လိုကြောင်း။

မိမိတို့အစိုးရအနေဖြင့် နိုင်ငံ၏ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင် ပိုမိုကောင်းမွန်လာစေရန်နှင့် နည်းပညာဝန်ဆောင်မှု တိုးတက်လာစေရန် အတွက် ဒီဂျစ်တယ်စနစ်သို့ အသွင်ကူးပြောင်း ဆောင်ရွက်လျက်ရှိရာတွင် နည်းပညာနှင့် ဒီဂျစ်တယ်ဝန်ဆောင်မှု လုပ်ငန်းများတွင် လာရောက် ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ပါကြောင်း၊ ထို့အတွက်လည်း မြန်မာနိုင်ငံအလယ်ပိုင်းတွင်ရှိသည့်ပြင်ဦးလွင်အနီး ဧရိယာ ၄,၀၄၇ ဟက်တာ ကျယ်ဝန်းသည့် ရတနာပုံဆိုက်ဘာစီးတီး ဖွင့်လှစ်ထားရှိပြီး ရာသီမရွေး သွားလာနိုင်သောကားလမ်းများနှင့် ဂျက်လေယာဉ်များ ဆင်းသက်နိုင်သည့် နိုင်ငံတကာအဆင့်မီ လေဆိပ်လည်း ဖွင့်လှစ်ထားပြီးဖြစ်ခြင်းကြောင့် ပြည်ပခရီးစဉ်များ လွယ်ကူချောမွေ့စွာ သွားလာနိုင်ကြောင်း။

ထို့ကြောင့်အစိုးရဝန်ဆောင်မှုများကိုဒီဂျစ်တယ်အသွင်ကူးပြောင်းရေး၊ ဆက်သွယ်ရေးနည်းပညာ၊ ဉာဏ်ရည်တု AI အသုံးချမှုများ၊ ဒီဂျစ်တယ် ငွေပေးချေမှုစနစ်များနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ စီးပွားရေးဝန်းကျင် ဖော်ဆောင်ရေးတို့တွင် ဘယ်လာရုစ်နိုင်ငံမှ စိတ်ပါဝင်စားသည့် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် လာရောက် ရင်းနှီးမြှုပ်နှံနိုင်ရန် ဖိတ်ခေါ်လိုပါကြောင်း။

အဆွေတော်တို့ အနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ရာ၌ ဆောင်ရွက်မည့် လုပ်ငန်းအမျိုးအစား၊ တိုင်းဒေသကြီး / ပြည်နယ်များ၏ အားသာချက်ကိုမူတည်ပြီး စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များ သာမက လယ်ယာပေါင်းစည်းဇုန်များ၊ စက်မှုစီမံကိန်းများလည်း ထူထောင်ဆောင်ရွက်နိုင်ကြောင်း၊ အထူးစီးပွားရေးဇုန်နှင့် ပတ်သက်ပြီး အဆွေတော်တို့ သိကြသည့်အတိုင်း မြန်မာနိုင်ငံတွင် သီလဝါ၊ ထားဝယ်နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန် သုံးခု ရှိကြောင်း။

ဘယ်လာရုစ်နိုင်ငံမှ လုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ရာတွင် ရန်ကုန်မြို့အနီးရှိ သီလဝါအထူးစီးပွားရေးဇုန်သည် လက်ရှိတွင် အအောင်မြင်ဆုံးဖြစ်ပြီး နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်ရာ၌ သယ်ယူပို့ဆောင်ရေး အားသာချက်ရှိသည့်အပြင် အခြေခံအဆောက်အအုံ ပြည့်စုံသည့်အတွက် ပို့ကုန်ဦးစားပေး လုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ဆောင်ရွက်ရန် အကောင်းဆုံး ရွေးချယ်မှု ဖြစ်ကြောင်းလည်း ပြောကြားလိုကြောင်း၊ ထို့အတူ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့ ပူးပေါင်းပြီး စတင်ဆောင်ရွက်လျက်ရှိသည့် ထားဝယ်အထူးစီးပွားရေးဇုန်တွင်လည်း ဘယ်လာရုစ်နိုင်ငံ၏ အကြီးစားစက်မှုလုပ်ငန်းများ ဖြစ်သည့် တာယာနှင့် အကြီးစားစက်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ အကြီးစား ကုန်တင်ယာဉ်များ ထုတ်လုပ်ခြင်းကို ဆောင်ရွက်ရန် ဖိတ်ခေါ် လိုကြောင်း။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီးအတွင်း သတ္တုတူးဖော်သန့်စင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ဖိတ်ခေါ်လိုသည့်အပြင် အဆိုပါဒေသသည် ခရီးသွားလုပ်ငန်းအတွက် သင့်လျော်သည့် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်ရှိသည့်အတွက် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဆောင်ရွက်ရန် ဖိတ်ခေါ်လိုကြောင်း။

## စီးပွားရေးပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းနိုင်မှု

ဘယ်လာရုစ် နိုင်ငံသည် Eurasian Economic Union (EAEU) အဖွဲ့ဝင်နိုင်ငံဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်ပြီး အာဆီယံနှင့် EAEU တို့အကြား ပူးပေါင်း ဆောင်ရွက်မှုတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ အာဆီယံနှင့် EAEU တို့အကြား ပူးပေါင်းဆောင်ရွက်မှုစတင်နိုင်ရေး နားလည်မှုစာချွန်လွှာကို ၂၀၁၈ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း။

ထို့အတူ မြန်မာနိုင်ငံအနေဖြင့် ASEAN +1 FTA များနှင့် RCEP အရ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိရာ သက်ဆိုင်ရာ နိုင်ငံများ၏ ဈေးကွက်များကို ဝင်ရောက်ခွင့်ရရှိပြီး မြန်မာနိုင်ငံမှ တင်ပို့မှုများအပေါ် အခွန်သက်သာခွင့်/ကင်းလွတ်ခွင့်များကို ခံစားနိုင်မည်ဖြစ်ကြောင်း၊ ဘယ်လာရုစ်လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် အာဆီယံဒေသနှင့် အာရှတိုက်၏ ဈေးကွက်ကို ချိတ်ဆက်နိုင်မည်ဖြစ်သကဲ့သို့ ထိုမှတစ်ဆင့်ဖြစ်ပေါ်လာမည့် မြန်မာနိုင်ငံ၏ထုတ်ကုန်များသည်လည်း ဘယ်လာရုစ်နိုင်ငံမှတစ်ဆင့် EAEU အဖွဲ့ဝင်နိုင်ငံများ၏ ကြီးမားသော ဈေးကွက်ကို တံခါးဖွင့်ဝင်ရောက်နိုင်မည့် Win-Win အခြေအနေကို ဖန်တီးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နှစ်နိုင်ငံသည် အာရှနှင့် ဥရောပ တိုက်ကြီး နှစ်ခုအကြားတွင် ကုန်သွယ် စီးဆင်းမှုအတွက် မဟာဗျူဟာမြောက် အရေးပါသည့် အပြန်အလှန် အကျိုးပြုနိုင်သော တံခါးပေါက်များ ဖြစ်သည်ကို အလေးအနက် ဆွေးနွေးပြောကြားလိုကြောင်း။

ဘယ်လာရုစ် နိုင်ငံ၏ အားကောင်းခိုင်မာသည့် စက်မှုနှင့် နည်းပညာစွမ်းရည်များကို မြန်မာနိုင်ငံ၏ သဘာဝအရင်းအမြစ်၊ လူ့စွမ်းအားအရင်းအမြစ်များနှင့် ပေါင်းစပ်ပြီး နှစ်နိုင်ငံစလုံးအတွက် အကျိုးဖြစ်ထွန်းစေမည့် စီးပွားရေးပူးပေါင်းမှုများကို အတူတကွ ဆောင်ရွက်ရန် ဖြစ်ကြောင်း၊ ဘယ်လာရုစ်နိုင်ငံမှ လုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများစတင်နိုင်ရေး လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်စေရေးတို့အတွက် လိုအပ်သည့် ပံ့ပိုးကူညီမှုများကို မိမိတို့အနေဖြင့် အတတ်နိုင်ဆုံး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ယခုဖိုရမ်တွင် နှစ်နိုင်ငံစလုံးမှ အထင်ကရ စီးပွားရေးအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ တက်ရောက်နေကြခြင်းဖြစ်သည့် အတွက် ဘယ်လာရုစ်နိုင်ငံမှ လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို လေ့လာသုံးသပ်ပြီး ရေရှည်အကျိုးရှိမည့် ပူးပေါင်းစီမံကိန်းများ ဖော်ဆောင်ကြရန် ဖိတ်ခေါ်လိုကြောင်း၊ မြန်မာ–ဘယ်လာရုစ် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းဖြင့် နှစ်နိုင်ငံကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးတက်လာနိုင်ပြီး ပြည်သူအချင်းချင်း နွေးထွေးသည့်ကူးလူးဆက်သွယ်မှုမှတစ်ဆင့် “အပြန်အလှန်အကျိုးရှိသော မိတ်ဖက်ဆက်ဆံရေးရေရှည်တည်တံ့သော ရင်းနှီးမြှုပ်နှံမှုနှင့် အတူတကွ ဖွံ့ဖြိုးတိုးတက်မှု”ကို ဆောင်ကြဉ်းနိုင်မည်ဖြစ်ကြောင်း။

ယခုစီးပွားရေးဖိုရမ်မှတစ်ဆင့် နှစ်နိုင်ငံ မဟာဗျူဟာမြောက် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအတွက် သမိုင်းစာမျက်နှာသစ်ကို အတူတကွဖွင့်လှစ်ပြီး ဖွံ့ဖြိုးတိုးတက်မှုခရီးလမ်းကို ယုံကြည်မှု အပြည့်နှင့်အတူ လက်တွဲလျှောက်လှမ်းကြရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနား အပြီးတွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံမှ ထုတ်ကုန်ပစ္စည်းပြခန်းများအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ အဖွဲ့အစည်းများ၏ အကြီးအမှူးဖြစ်သူ ကုလသမဂ္ဂ ယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Ms. Gwyn Lewis အား လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၂၀

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး သည် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ အဖွဲ့အစည်းများ၏ အကြီးအမှူးဖြစ်သူ ကုလသမဂ္ဂ ယာယီဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Ms. Gwyn Lewis အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူများထံ လူသားချင်းစာနာမှု အကူအညီများ ထိရောက်စွာ ရောက်ရှိစေရေးအတွက် UN ၏ လုပ်ငန်းများကို တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လွှတ်တော်ဘက်မှ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးသွားမည့်အခြေအနေ၊ UN အဖွဲ့အစည်းများနှင့် အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ပြည်သူများအတွက် ကောင်းမွန်သောရလဒ်များ ထွက်ပေါ်လာရေး၊ နှစ်ဖက်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာလာစေရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်၊ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူးရုံးမှ ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

## ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ အဖွဲ့ဝင် ဦးမောင်မောင်အုန်း ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များအား တွေ့ဆုံ



ရန်ကုန် ဩဂုတ် ၂၀

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံလွှတ်တော် အဖွဲ့ အဖွဲ့ဝင် ဦးမောင်မာင်အုန်း သည် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များနှင့် ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရုံး နဝရတ်ခန်းမ၌ တွေ့ဆုံသည်။

**ဆွေးနွေးတင်ပြ**

ဦးစွာ ပြည်ထောင်စုအဆင့် လွှတ်တော်များအကြောင်း၊ မြန်မာ့နိုင်ငံရေးအခင်း အကျင်းအသစ်နှင့် ထွန်းလင်း တောက်ပလာမည့် မြန်မာ့အနာဂတ် မှတ်တမ်းဗီဒီယိုကို ကြည့်ရှုအားပေးကြပြီး ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းက အဖွင့်အမှာစကားပြောကြား၍ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်က တိုင်းဒေသကြီး လွှတ်တော်ရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲများအပြီး နိုင်ငံရေး အခင်းအကျင်းသစ်နှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေချိန်တွင် အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင် စသည့် မဏ္ဍိုင်ကြီး (၃)ရပ် အပြန်အလှန်ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပြီး နိုင်ငံတော်၊ လွှတ်တော်နှင့် ပြည်သူလူထု ပူးပေါင်းကာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး အတွက် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ ဒေသခံမဲဆန္ဒရှင် ပြည်သူလူထု၏ လိုအပ်ချက်များကို ထင်ဟပ်သည့် မေးခွန်းများ၊ အဆိုများကို လွှတ်တော်ကိုယ်စားလှယ်များက တိုင်းဒေသကြီး လွှတ်တော်တွင် တင်ပြဆွေးနွေး၍ ဒေသခံပြည်သူလူထု၏ လိုအပ်ချက်ကိုဖြည့်ဆည်းပေးရန်၊ လက်ရှိအခြေအနေနှင့် ကိုက်ညီသော ဥပဒေများ ပြင်ဆင်ဖြည့်စွက် အသစ်ရေးဆွဲ ပြဋ္ဌာန်းခြင်းများကို ဆောင်ရွက်စေလိုကြောင်း၊ ပြည်ထောင်စုလွှတ်တော် အနေဖြင့် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကို အသစ် ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့ကြောင်း၊ လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ပြီး ဒေသ၏ အကျိုးကို ထိရောက်စွာ ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ လွှတ်တော် ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများ၏ စွမ်းရည် မြှင့်တင်ရေးအတွက်လည်း ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့ပြင် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရုံး အတွက် အမှတ်တရလက်ဆောင်များပေးအပ်ပြီး ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမကို လှည့်လည်ကြည့်ရှုကာ အခမ်းအနားသို့ တက်ရောက်လာသည့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံး ဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မန္တလေးခရိုင် လူထုအခြေပြုဗဟိုဌာန၌ ဝမ်းပျက်ဝမ်းလျှော ရောဂါကာကွယ်ရေး အသိပညာပေး (Talk Show) ကျင်းပ




**မန္တလေး ဩဂုတ် ၂၀**

မန္တလေးတိုင်းဒေသကြီး၊ မြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ မန္တလေးခရိုင် လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမ၌ ယမန်နေ့ မွန်းလွဲ ၁ နာရီက ခရိုင်မြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပြည်ကြီးတံခွန်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေးအသိပညာပေး (Talk Show) ကျင်းပခဲ့သည်။

အဆိုပါ (Talk Show) တွင် ခရိုင်မြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက ဝမ်းပျက်ဝမ်းလျှော ကာကွယ်ရမည့်နည်းလမ်းများနှင့်ပတ်သက်၍ မေးမြန်းခဲ့ရာ ပြည်ကြီးတံခွန်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်နော်မြတ်မိုးဦးက ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားတတ်သော ရာသီအကြောင်းအရာများ၊ ကူးစက်ဖြစ်ပွားပုံအကြောင်းအရာများ၊ ရောဂါပိုးလာရာလမ်းကြောင်းနှင့် ရောဂါလက္ခဏာအကြောင်းအရာများ၊ ကြိုတင်ကာကွယ်နိုင်သော နည်းလမ်းအကြောင်းအရာများ၊ လိုက်နာရမည့်အချက်များဖြစ်သည့် ရောဂါမကူးစက်စေရန် လက်ကို ဆပ်ပြာနှင့် စက္ကန့် ၂၀ ကြာအောင် မကြာခဏဆေးကြောရန်၊ အစားအစာချက်ပြုတ်သည့်နေရာတွင် သန့်ရှင်းသပ်ရပ်စွာထားရန်၊ ယင်ကောင်နှင့် အခြားအင်းဆက်ပိုးမွှားများ မရောက်လာအောင် အစားအစာကို လုံခြုံစွာ ဖုံးအုပ်ထားရန်၊ စားကြွင်းစားကျန်များကို စနစ်တကျစွန့်ပစ်ရန်၊ ရေကို ရေသန့် (သို့မဟုတ်)ကျိုချက်၍ သောက်သုံးရန် စသည့်အကြောင်းအရာများကို အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

**စင်မင်းမောင်(ခရိုင်၊ပြန်/ဆက်)**

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁)

| ရက်/ အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၂-၈-၂၀၂၆<br>နံနက် ၀၁း၁၅ နာရီ | မာဆေးလ် - စထရာဘော့စ် | မာဆေးလ် ၂-၂ စထရာဘော့စ်<br>စထရာဘော့စ် ၁-၂ မာဆေးလ် |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂)ဇယား

| ရက်/ အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၂-၈-၂၀၂၆<br>နံနက် ၀၁း၃၀ နာရီ | ဘက်တစ် - ဆိုစီဒက် | ဘက်တစ် ၃-၁ ဆိုစီဒက်<br>ဆိုစီဒက် ၂-၂ ဘက်တစ် |

### ကလပ်အသင်းခြေစမ်းပွဲများ

| ရက်/ အချိန် | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|
| ၂၂-၈-၂၀၂၆<br>နံနက် ၀၀း၀၀ နာရီ | ဇာရာဂိုဇာ - ဘီလ်ဘာအို | ဇာရာဂိုဇာ ၁-၂ ဘီလ်ဘာအို<br>ဘီလ်ဘာအို ၁-၄ ဇာရာဂိုဇာ |

### အင်္ဂလိပ် ပရီးမီးယားလိဂ်ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁)ဇယား

| ရက်/ အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၂-၈-၂၀၂၆<br>နံနက် ၀၁း၃၀ နာရီ | အာဆင်နယ် - ကိုဗင်ထရီ | အာဆင်နယ် ၂-၁ ကိုဗင်ထရီ<br>ကိုဗင်ထရီ ၀-၁ အာဆင်နယ် |

# အနေဝေးသော်လည်း သွေးမဝေးသော ယုံကြည်စိတ်ချအားထားရသည့် ကာလရှည်မိတ်ဖက်နိုင်ငံ

**မောင်ငြိမ်းအေး**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်တို့ ဩဂုတ် ၁၈ ရက်က မီဒီယာများအား နှစ်နိုင်ငံပူးတွဲ ကြေညာချက်များကို အပြန်အလှန်ပြောကြားစဉ်။

(ယမန်နေ့မှအဆက်)

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဩဂုတ်လ ၁၈ ရက်နေ့တွင် မော်စကိုမြို့ ကရင်မလင်နန်းတော်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်နှင့် တွေ့ဆုံဆွေးနွေးပြီးနောက် နိုင်ငံတော်သမ္မတနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတတို့က မီဒီယာများအား နှစ်နိုင်ငံပူးတွဲကြေညာချက်များကို အပြန်အလှန်ပြောကြားခဲ့ရာတွင် သမ္မတ မစ္စတာ ဗလာဒီမာပူတင်၏ နှုတ်ခွန်းဆက်စကားသည် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာနှင့်အညီ ရင်ထဲနှလုံးသားထဲတွင် နက်နက်ရှိုင်းရှိုင်း လှိုက်လှိုက်လှဲလှဲ ဖြစ်စေခဲ့ပါသည်။

### မိတ်ရင်းဆွေရင်းသူငယ်ချင်း

"ချစ်ခင်မြတ်နိုးအပ်ပါသော သူငယ်ချင်း"ဟူ၍ အစချီပြီး နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ကို ရုရှားနိုင်ငံတွင် ထပ်မံတွေ့ဆုံခွင့်ရသည့်အတွက် ဝမ်းမြောက်ကြောင်း နှုတ်ဆက်စကားသည် ငယ်ပေါင်းကြီးဖော် ချစ်ခင်ရသည့်သူငယ်ချင်းနှင့် ပြန်လည်ဆုံတွေ့ရသကဲ့သို့ ဝမ်းမြောက်ဝမ်းသာခံစားရပါသည်။ အမှန်တကယ်တွင်လည်း ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ရှေးကာလကတည်းက ငယ်ပေါင်းကြီးဖော် အတူလက်တွဲလာခဲ့ကြသော သူငယ်ချင်းနိုင်ငံကဲ့သို့ပင်ဖြစ်ပါသည်။ ရုရှားနိုင်ငံသည် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီး ၄၅ ရက်အကြာ ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့ကပင် သံတမန်ဆက်ဆံရေး စတင်ထူထောင်နိုင်ခဲ့သည်။ ၂၀၂၈ ခုနှစ်တွင် နှစ်(၈၀) ပြည့်မြောက်တော့မည်ဖြစ်သည်။ ခေတ်အဆက်ဆက် နှစ်နိုင်ငံခေါင်းဆောင်များနှင့် ပြည်သူများ ရင်းရင်းနှီးနှီး ဆက်ဆံခဲ့ကြပြီး အပြန်အလှန်နားလည်မှု၊ လေးစားမှု၊ ကူညီရိုင်းပင်းမှုများပြုလုပ်ခဲ့ကြသည့် မိတ်ဆွေစစ်၊ မိတ်ဆွေရင်းနိုင်ငံဖြစ်၍ အလွန်ချစ်ခင်ရသော သူငယ်ချင်းနိုင်ငံများဟု ဆိုရမည်ဖြစ်သည်။

ရုရှား-မြန်မာဆက်ဆံရေးသည် ကာလရှည်ကြာ ချစ်ခင်ရင်းနှီးမှုအပေါ်တွင် အခြေခံနေသည်။ ၁၉၅၀ ပြည့်နှစ်မှ ၁၉၆၀ ပြည့်နှစ်များအတွင်း မြန်မာနိုင်ငံက လူမှုရေး၊ စီးပွားရေးနှင့် ကာကွယ်ရေးကဏ္ဍများအတွက် အကူအညီများစွာပေးခဲ့သည်။ ဆိုဗီယက်ယူနီယံခေတ်တွင် မြန်မာနိုင်ငံ၌ တည်ဆောက်ပေးခဲ့သည့် ကြီးမားသောအဆောက်အအုံများဖြစ်သည့် စဝ်စံထွန်းဆေးရုံ၊ ရန်ကုန်စက်မှုတက္ကသိုလ်(RIT)တို့သည် ယနေ့ကာလအထိ မြန်မာပြည်သူများအား အကျိုးပြုလျက်ရှိသည်ကို တွေ့မြင်နိုင်ပါသည်။ လက်ရှိအချိန်အထိ ရုရှား-မြန်မာဆက်ဆံရေးသည် ပိုမိုနက်ရှိုင်းစွာ ခိုင်မာလျက်ရှိပြီး နှစ်နိုင်ငံအစိုးရအချင်းချင်း ဆက်သွယ်ပူးပေါင်းဆောင်ရွက်မှုများစွာရှိသည်။ လုံခြုံရေးကောင်စီအကြား၊ ပါလီမန်များအကြား၊ ပါတီများအကြား တွေ့ဆုံဆွေးနွေးမှုများ စဉ်ဆက်မပြတ် ဆောင်ရွက်နေပြီး နှစ်နိုင်ငံအကျိုးစီးပွားအတွက် စီမံကိန်းများစွာ ဆောင်ရွက်နေသည်။

### နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်

ရုရှား-မြန်မာ ဆက်ဆံရေးနှင့်ပတ်သက်၍ သမ္မတကြီး ဗလာဒီမာပူတင် အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်များမှာ စိတ်ဝင်စားစရာများဖြစ်သည်။ ရုရှား-မြန်မာ နှစ်နိုင်ငံအစိုးရအချင်းချင်း၊ ဌာနများအချင်းချင်းအကြား သဘောတူညီချက်များစွာကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ ဆက်လက်ပြီး စီးပွားရေးဆိုင်ရာကိစ္စရပ်များကို အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား ယုံကြည်မှုခိုင်မာသည့် ငွေပေးချေမှုစနစ်ရှိကြောင်း၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတွင် စွမ်းအင်ကဏ္ဍသည် အရေးကြီးသည့်ကဏ္ဍဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ကျောက်မီးသွေးစက်ရုံ၊ ရေနံချက်စက်ရုံ စီမံကိန်းများရှိကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံတွင် သဘာဝသယံဇာတရှာဖွေရေး၊ မြန်မာနိုင်ငံ ကမ်းလွန်အပါအဝင် ရေနံဓာတ်ငွေ့တူးဖော်ရေး ပူးပေါင်းဆောင်ရွက်ရန်ဆန္ဒရှိကြောင်း၊ ရုရှားနိုင်ငံက မြန်မာနိုင်ငံသို့ LNG တင်ပို့ရန် အလားအလာများစွာရှိကြောင်း၊ အဆိုပါ LNG ကို ပြည်တွင်းအသုံးပြုရေးအပါအဝင် အခြားနိုင်ငံများသို့လည်း တင်ပို့၍ရကြောင်း၊ ယခင်နှစ်က မြန်မာနိုင်ငံတွင် အဏုမြူဓာတ်အားပေးစက်ရုံ သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ထိုစီမံကိန်းသည် နှစ်နိုင်ငံအတွက် အဓိကစီမံကိန်းဖြစ်ကြောင်း၊ စက်မှုလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင်လည်း စီမံကိန်းအများအပြား ဆောင်ရွက်ရန် အလားအလာရှိကြောင်း၊ ဥပမာ မြန်မာနိုင်ငံတွင် သံမဏိစက်ရုံ၊ မြေဩဇာစက်ရုံတည်ဆောက်နေကြောင်း၊ မြန်မာနိုင်ငံ၏တောင်ဘက်တွင်လည်း ရေနက်ဆိပ်ကမ်းတည်ဆောက်မှုစီမံကိန်းကို ဆွေးနွေးနေကြောင်း၊ High-Tech နယ်ပယ်တွင်လည်း ဆောင်ရွက်ရန် ဆွေးနွေးနေကြောင်း၊ မြန်မာနိုင်ငံ၏ ဒီဂျစ်တယ်နယ်ပယ်၊ဆိုက်ဘာလုံခြုံရေးအစရှိသည့် High-Tech နယ်ပယ်တွင် ရုရှားကုမ္ပဏီများ၏ အဆိုပြုချက်အစီအစဉ် အများအပြားရှိကြောင်း။

အာကာသပူးပေါင်းဆောင်ရွက်ရေးတွင် ၂၀၂၅ ခုနှစ်က နှစ်နိုင်ငံ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှု လက်မှတ်ရေးထိုးခဲ့ပြီး အဆိုပါနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိကြောင်း၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုတွင်လည်း နှစ်နိုင်ငံအတွက် အရေးကြီး သည့်နယ်ပယ်ဖြစ်ကြောင်း၊ နှစ်နိုင်ငံ ဗီဇာကင်းလွတ်ခွင့်စနစ်ဖြင့် သိပ္ပံပညာ၊ လူငယ်၊ ခရီးသွား၊ အားကစားသမားအများအပြား အပြန်အလှန်သွားလာနေကြကြောင်း၊ ဗလာဒီဗော့စတော့မြို့တွင် ရုရှားဆိုင်ရာ မြန်မာကောင်စစ်ဝန်ချုပ်ရုံး မကြာမီဖွင့်လှစ်တော့မည်ဖြစ်ကြောင်း၊ ထို့အပြင် Altai, Kaluga, Moscow ပြည်နယ်များတွင်လည်း မြန်မာ့ယဉ်ကျေးမှု ဘာသာရေးစင်တာဖွင့်ထားကြောင်း၊ မြန်မာနိုင်ငံ၏ မြို့တော်တစ်ခုဖြစ်သည့် ရန်ကုန်မြို့တွင် ရုရှားခရစ်ယာန်ဘုရားကျောင်းဆောက်ရန် အတည်ပြုထားကြောင်း၊ မြန်မာနိုင်ငံတွင် ရုရှားဘာသာစကား စိတ်ဝင်စားမှုမြင့်တက်လာသည်ကို တွေ့ရသည့်အတွက် အလွန်ဝမ်းသာမိကြောင်း၊ ရုရှားဘာသာစကားကို ရန်ကုန်၊ မန္တလေးတက္ကသိုလ်များတွင် သင်ကြားပေးနေပြီး တပ်မတော်အကယ်ဒမီတွင်လည်း သင်ကြားပေးနေကြောင်း။

### အထောက်အကူများစွာပြု

မြန်မာနိုင်ငံအနေဖြင့် ရုရှားနိုင်ငံထံမှ ပရိဂရမ်တွင် ပါဝင်ရန်အစီအစဉ်ရှိကြောင်း၊ ယခု ရုရှားတက္ကသိုလ်တွင် မြန်မာကျောင်းသား ကျောင်းသူစုစုပေါင်း ၄၀၀ ရှိကြောင်း၊ ရုရှားတက္ကသိုလ်မှ အောင်မြင်ပြီးသည့် မြန်မာကျောင်းသား ကျောင်းသူစုစုပေါင်း ၇၀၀၀ ဖြစ်ကြောင်း၊ နိုင်ငံတကာကိစ္စရပ်များအတွက် ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံ၏ ထင်မြင်ချက်သည် အလွန်နီးကပ်ပါကြောင်း၊ ရုရှားနှင့် မြန်မာမှ နိုင်ငံတကာအဖွဲ့များက ကာကွယ်ရေးဆိုင်ရာနှင့် ပြည်တွင်းရေးစွက်ဖက်မှုများအတွက် အချိန်တိုင်းကန့်ကွက်နေကြကြောင်း၊ ရုရှား-မြန်မာ စစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်မှုတွင် ကောင်းစွာတိုးတက်နေကြောင်း၊ မြန်မာ့ပင်လယ်ပြင်တွင် ရုရှား-မြန်မာ စစ်ဘက်လေ့ကျင့်မှု မကြာခဏဆောင်ရွက်နေကြောင်း၊ ရုရှားရေတပ်သင်္ဘောများ မြန်မာပြည်သို့ မကြာခဏ လာရောက်ခဲ့ကြောင်း၊ ယနေ့လာရောက်သည့် သမ္မတကြီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ကျေးဇူးတင်ကြောင်း၊ သမ္မတကြီးရောက်ရှိချိန်တွင် အစီအစဉ်အများအပြားရှိနေကြောင်း၊ ထို့အပြင် အဆွေတော် ဦးမင်းအောင်လှိုင်က Tuva ပြည်နယ်ကိုလည်း ခရီးသွားရန်အစီအစဉ်ရှိကြောင်း၊ Tuva ပြည်နယ်သည် ရုရှားနိုင်ငံ၏ ဗုဒ္ဓဘာသာနယ်မြေတစ်ခုဖြစ်ကြောင်း၊ ယခုခရီးစဉ်အောင်မြင်မည်ဟု ယုံကြည်ကြောင်း၊ ယနေ့လက်မှတ်ရေးထိုးမှုသည် ရုရှား-မြန်မာ ပူးပေါင်းဆောင်ရွက်မှုနှင့် လုပ်ဖော်ကိုင်ဖက် ဆက်ဆံရေးအတွက် အထောက်အကူများစွာပေးမည်ဟု မျှော်လင့်ပါကြောင်း ရုရှားသမ္မတကြီးက ရှင်းလင်းပြောကြားခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က သမ္မတ မစ္စတာ ဗလာဒီမာပူတင်နှင့် နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မီဒီယာအဖွဲ့ဝင်များအား ပြန်လည်ရှင်းလင်းပြောကြားရာတွင် ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် သံတမန်ဆက်ဆံရေးထူထောင်ခဲ့သည်မှာ ၇၈ နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း၊ ရုရှားနိုင်ငံသည် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် အစောဆုံး သံတမန်ဆက်ဆံရေးထူထောင်ခဲ့သည့် နိုင်ငံများတွင် တစ်နိုင်ငံဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် မိတ်ဆွေရင်း၊ မိတ်ဆွေစစ်နိုင်ငံများဖြစ်ကြပြီး အပြန်အလှန်နားလည်မှု၊ လေးစားမှုများနှင့် အခြေခံတည်ဆောက်ထားသည့် ဆက်ဆံရေးကို ကောင်းမွန်စွာ ထိန်းသိမ်းထားနိုင်ခဲ့ပါကြောင်း၊ လွန်ခဲ့သည့်နှစ်များမှစပြီး မြန်မာ-ရုရှား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုသည် အနီးကပ်ဆုံးနှင့် အမြင့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့ပြီဖြစ်ပါကြောင်း၊ နှစ်နိုင်ငံခေါင်းဆောင်များအကြား မကြာခဏ တွေ့ဆုံဆွေးနွေးမှုသည် နှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်ရန်အတွက်လည်း အဓိကတွန်းအားတစ်ရပ်ဖြစ်ကြောင်း။

### နယ်ပယ်ပေါင်းစုံပူးပေါင်း

သမ္မတကြီး ပူတင်နှင့် ကျွန်တော်တို့ ယနေ့တွေ့ဆုံမှုသည် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်နေသည့်အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်း မြှင့်တင်သွားနိုင်ရန်အတွက် ကြီးမားသည့်အထောက်အကူဖြစ်စေခဲ့ကြောင်း၊ စာမျက်နှာ ၉ သို့ ❒



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Vyacheslav Volodin နှင့် လွှတ်တော်ကော်မတီများမှ တာဝန်ရှိသူများ ဩဂုတ် ၁၈ ရက်က ဒူးမားလွှတ်တော်အဆောက်အအုံအစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးစဉ်။

❒ စာမျက်နှာ ၈ မှ

ထို့အပြင် နှစ်နိုင်ငံအကြား ဆွေးနွေးသဘောတူထားသည့်ကိစ္စရပ်များ၊ သဘောတူညီချက်များအပေါ် အကောင်အထည်ဖော်မှုအခြေအနေနှင့် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများအား ပြန်လည်သုံးသပ်ကာ ရရှိပြီးသည့်တိုးတက်မှုများကို ထိန်းသိမ်းသွားရန်နှင့် ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားရန်အတွက်လည်း ဆွေးနွေးသဘောတူညီနိုင်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ကာကွယ်ရေး၊ လုံခြုံရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုပညာရေး၊ သိပ္ပံနှင့်နည်းပညာ၊ အာကာသနည်းပညာ၊ ကျန်းမာရေးနှင့် ခရီးသွားကဏ္ဍအပါအဝင် နယ်ပယ်ပေါင်းစုံတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အလားအလာများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

နှစ်နိုင်ငံအကြား ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်ပေးရေးဆိုင်ရာသဘောတူစာချုပ်ကို ယခုနှစ်ဇန်နဝါရီလတွင် စတင်အသက်ဝင်ပြီဖြစ်၍ ခရီးသွားကဏ္ဍမြှင့်တင်ဆောင်ရွက်မှုနှင့် နှစ်နိုင်ငံပြည်သူများအကြား ကူးလူးဆက်ဆံမှု ပိုမိုမြှင့်တင်နိုင်မည့် အလားအလာများကိုဆွေးနွေးနိုင်ခဲ့သည်။ ယခုခရီးစဉ်အတွင်း နှစ်နိုင်ငံသဘောတူစာချုပ်၊ နားလည်မှုစာချွန်လွှာ ၁၂ ခုကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ထပ်မံ၍လည်း ကဏ္ဍပေါင်းစုံတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးစာချုပ်များ ချုပ်ဆိုနိုင်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် အပြန်အလှန် အစဉ်ရပ်တည်ထောက်ခံပေးကြသည့်နိုင်ငံများဖြစ်သည်။ မျက်မှောက်ခေတ် ကမ္ဘာ့ရေးရာကိစ္စရပ်များအပေါ်တွင်လည်း အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး နောင်အနာဂတ်တွင်လည်း နှစ်နိုင်ငံသည် နိုင်ငံတကာမျက်နှာစာတွင် နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် ဆွေးနွေးသဘောတူခဲ့ကြသည်။

**လွှတ်တော်များအကြား**

ယခုအခါ မြန်မာနိုင်ငံတွင် ဥပဒေပြုလွှတ်တော်များလည်း ပေါ်ပေါက်လာပြီဖြစ်၍ အစိုးရနှစ်ရပ်ကြားတွင်သာမက လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ပေးရေးကိုလည်း ဆွေးနွေးခဲ့သည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဩဂုတ် ၁၈ ရက်နေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ဒူးမားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Vyacheslav Volodin နှင့် ဒူးမားလွှတ်တော်အဆောက်အအုံ အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။ တွေ့ဆုံပွဲတွင် နိုင်ငံတော်သမ္မတနှင့် ဒူးမားလွှတ်တော်ဥက္ကဋ္ဌတို့သည် နှစ်နိုင်ငံဥပဒေပြုရေးမဏ္ဍိုင်များဖြစ်သည့် လွှတ်တော်များအကြား ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများ၊ လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်မှုများမှတစ်ဆင့် နှစ်နိုင်ငံနှင့် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်ကောင်းမွန်လာနိုင်သည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ဆက်ဆံမှုများ ဆောင်ရွက်ရာတွင် သာတူညီမျှမှု၊ အပြန်အလှန်လေးစားမှု၊ ပြည်တွင်းရေးမစွက်ဖက်မှုများကို အခြေခံပြီး ဆောင်ရွက်လျက်ရှိမှုအခြေအနေများ။

လွှတ်တော်များအကြား အပြန်အလှန် လေ့လာရေးခရီးစဉ်များဆောင်ရွက်၍ အတွေ့အကြုံများ ဖလှယ်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် လက်ရှိအချိန်တွင် တရားမျှတပြီး သိက္ခာရှိသည့် ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ပြည်သူ့ဆန္ဒကို လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်မည့် ပြည်သူ့ကိုယ်စားလှယ်များ ပါဝင်သော လွှတ်တော်များနှင့် ဒီမိုကရေစီနည်းလမ်းတကျ ရွေးကောက်တင်မြှောက်ထားသည့်အစိုးရက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိမှုနှင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ ဆက်လက်လျှောက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်တွင် ရုရှားနိုင်ငံအပါအဝင် နိုင်ငံတကာမှ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များ လာရောက်လေ့လာခဲ့မှုနှင့် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်ခဲ့သည်ကို လေ့လာတွေ့ရှိခဲ့ရမှုအခြေအနေများ၊ နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြားပူးပေါင်းဆောင်ရွက်မှု၊ ချစ်ကြည်ရင်းနှီးမှုများ ပိုမိုခိုင်မာစေရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများနှင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင် ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Roscosmos နိုင်ငံပိုင် ကော်ပိုရေးရှင်း၏ အထွေထွေညွှန်ကြားရေးမှူးချုပ် Mr. Dmitry V. Bakanov တို့ ဩဂုတ် ၁၉ ရက်က အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

**ကြီးမားသည့်အောင်မြင်မှု**

ဩဂုတ်လ ၁၉ ရက်နေ့ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲအချိန်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင် တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Roscosmos နိုင်ငံပိုင်ကော်ပိုရေးရှင်း၏ အထွေထွေညွှန်ကြားရေးမှူးချုပ် Mr. Dmitry V. Bakanov ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က တည်းခိုသည့်ဟိုတယ်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။ တွေ့ဆုံရာတွင် ရုရှားအာကာသစနစ်များကုမ္ပဏီ(RSS)နှင့် မြန်မာအာကာသအေဂျင်စီတို့အကြား ကမ္ဘာမြေစောင့်ကြည့်လေ့လာရေး(ERS) ဂြိုဟ်တုဓာတ်ပုံဖမ်းယူရေး သဘောတူစာချုပ် ချုပ်ဆိုပြီးစီးမှုနှင့် ဒေတာများဖမ်းယူလျက်ရှိမှုတို့ကို ဆွေးနွေးခဲ့သည်။ အာကာသအေဂျင်စီနှစ်ခုအကြား တိုက်ရိုက်ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ခြင်းသည် ရုရှား-မြန်မာ နှစ်နိုင်ငံကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများမှ ကြီးမားသည့် အောင်မြင်မှုမှတ်တိုင်တစ်ခုဖြစ်သည်။ မြန်မာနိုင်ငံ၏ အာကာသနည်းပညာ ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း အထောက်အကူဖြစ်စေပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရတို့အကြား "ငြိမ်းချမ်းသော ရည်ရွယ်ချက်များအတွက် ပြင်ပအာကာသစူးစမ်းလေ့လာရေးနှင့် အသုံးပြုမှုနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်"ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

နိုင်ငံတော်သမ္မတ၏ ယခုခရီးစဉ်အတွင်း မြန်မာအာကာသအေဂျင်စီနှင့် ROSCOSMOS တို့အကြား အာကာသယာဉ်မှူး ရွေးချယ်လေ့ကျင့်ရေး၊ ဂြိုဟ်တုအခြေပြု ရှာဖွေကယ်ဆယ်ရေးစနစ် (COSPAS-SARSAT)၊ ဂြိုဟ်တုလမ်းညွှန်မှုစနစ်တိုင်းတာရေးစခန်း (One Way Station) နှင့် ကမ္ဘာ့အနီးအာကာသအန္တရာယ် အလိုအလျောက်သတိပေးစနစ် (ASPOS)တို့ကို လက်တွေ့ပူးပေါင်းအကောင်အထည်ဖော်ရန်အတွက် နားလည်မှုစာချွန်လွှာများ၊ စာချုပ်များ လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ထို့အပြင် မြန်မာနိုင်ငံမှ အာကာသယာဉ်မှူး ရွေးချယ်လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် အပြည်ပြည်ဆိုင်ရာ ဂြိုဟ်တုအခြေပြုကာကွယ်ရေးစနစ် (COPAD-SARSAT)၊ ဂြိုဟ်တုလမ်းညွှန်မှုစနစ်တိုင်းတာရေးစခန်း(One Way Station)၊ ကမ္ဘာ့အနီးအာကာသအန္တရာယ် အလိုအလျောက်သတိပေးစနစ် (ASPOS)၊ Rassvet အနိမ့်ပျံဆက်သွယ်ရေးဂြိုဟ်တုစနစ်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်မည့်ကိစ္စရပ်များ၊ နာနိုဂြိုဟ်တုတည်ဆောက်လွှတ်တင်ရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ အာကာသနည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံအကြား အာကာသကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

(ဆက်လက်ဖော်ပြပါမည်)

> ❝ ယခုခရီးစဉ်အတွင်း နှစ်နိုင်ငံသဘောတူစာချုပ်၊ နားလည်မှုစာချွန်လွှာ ၁၂ ခုကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ထပ်မံ၍လည်း ကဏ္ဍပေါင်းစုံတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးစာချုပ်များ ချုပ်ဆိုနိုင်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် အပြန်အလှန် အစဉ်ရပ်တည်ထောက်ခံပေးကြသည့်နိုင်ငံများဖြစ်သည်။ မျက်မှောက်ခေတ် ကမ္ဘာ့ရေးရာကိစ္စရပ်များအပေါ်တွင်လည်း အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး နောင်အနာဂတ်တွင်လည်း နှစ်နိုင်ငံသည် နိုင်ငံတကာမျက်နှာစာတွင် နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် ဆွေးနွေးသဘောတူခဲ့ကြ ❞

---

○ မန္တလေးတိုင်းဒေသကြီးမှ

တပ်ဆင်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းကကျင်းပပြီး ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်နှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်တို့က ကမ္ပည်းမော်ကွန်းကြေးပြားကို ဖွင့်လှစ်ပေးပြီး ဦးပိန်တံတားအား ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

အေဒီ ၁၈၅၁ ခုနှစ်တွင် အင်းဝနန်းတော်နှင့် စစ်ကိုင်းနန်းတော်တို့မှ နန်းတော်တိုင်များ၊ သစ်များဖြင့် တောင်သမန်အင်းကိုဖြတ်၍ အမရပူရမြို့နှင့် တောင်သမန်ရွာကို ဆက်သွယ်တည်ဆောက်ထားသည့် ဦးပိန်တံတားကို အမရပူရမြို့ဝန် ဘိုင်ဆပ်၏တပည့် မြို့စာရေး မောင်ပိန်က တည်ဆောက်ခဲ့ပြီး စတင်တည်ဆောက်ခဲ့စဉ်က တိုင်ပေါင်း ၁၀၈၆ တိုင်၊ အရှည် ၃၉၈၇ ပေရှိပြီး နားနေရန် ဇရပ် ခုနစ်ဆောင်တို့ဖြင့် တည်ဆောက်ခဲ့ရာ သက်တမ်း ၁၇၅ နှစ် ရှိပြီဖြစ်ပြီး ပြည်တွင်း၊ ပြည်ပ ခရီးသွားများ လာရောက်လေ့လာ အပန်းဖြေသည့်ထင်ရှားသော နေရာဖြစ်ပြီး ယခုကဲ့သို့ အထိမ်းအမှတ်ကမ္ပည်းကြေးပြား တပ်ဆင်ခြင်းဖြင့် ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်ထိန်းသိမ်းစောင့်ရှောက်သကဲ့သို့ ခရီးသွားမြှင့်တင်ရေးအတွက်လည်း တစ်ဖက်ကအထောက်အကူ ပြုလျက်ရှိသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့ရှိ နှစ်ပေါင်း ၁၀၀ နှင့် အထက် သက်တမ်းရှိသည့် သဇင်မြိုင်၊ ချယ်ရီမြိုင်နှင့် မြိုင်ကြီးစသည့် ရှေးဟောင်းအဆောက်အအုံများတွင် ရှေးဟောင်းမြို့ပြအမွေအနှစ် အမှတ်အသား ကမ္ပည်းမော်ကွန်းကြေးပြား တပ်ဆင်ခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ပြင်ဦးလွင်မြို့နယ်ရှိ သဇင်မြိုင်၊ ချယ်ရီမြိုင် အဆောက်အအုံနှင့် မြိုင်ကြီးအဆောက်အအုံတို့ကို ကမ္ပည်းမော်ကွန်းကြေးပြား တပ်ဆင်ပေးသည်။

ညနေပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ ဟိုတယ်လုပ်ငန်းရှင်များနှင့် ရွှေနန်းထိုက်ဟိုတယ်တွင်တွေ့ဆုံပြီး ပြင်ဦးလွင်ခရီးစဉ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# (၉)ကြိမ်မြောက် ထိုင်း-မြန်မာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး ကျင်းပပြုလုပ်

နေပြည်တော် ဩဂုတ် ၂၀

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၉)ကြိမ်မြောက် ထိုင်း-မြန်မာ အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေး (9th Thailand– Myanmar High Level Committee Meeting )ကို ယနေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Chatrium Grand Hotel ရှိ Grand Ballroom ၌ ကျင်းပပြုလုပ်သည်။

အဆိုပါ အစည်းအဝေးသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကိုကိုဦး၊ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Ukris Boontanondha နှင့် အတူ ထိုင်းဘုရင့်တပ်မတော်မှ အရာရှိကြီးများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ထိုင်းဘုရင့် တပ်မတော်ကာကွယ် ရေးဦးစီးချုပ် General Ukris Boontanondha တို့က အဖွင့်အမှာစကားများ ပြောကြားကြသည်။

ထိုင်းဘုရင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ယခုအစည်းအဝေးသည် မိမိတို့ တပ်မတော်နှစ်ရပ်အကြားအမြင့်ဆုံး အဆင့် ပူးပေါင်းဆောင်ရွက်မှု ယန္တရားတစ်ခုဖြစ်ပြီး မိမိတို့၏ ချစ်ကြည်ရေးနှင့် နီးကပ်သော ဆက်ဆံရေးကို လက်တွေ့ကျကျ ခိုင်မာစေရန် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေပါကြောင်း၊ နှစ်နိုင်ငံ နယ်စပ်ဒေသများ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းထားရန်၊ နှစ်နိုင်ငံပြည်သူများ ပိုမိုကောင်းမွန်သော လူနေမှုဘဝ၊ သာယာဝပြောမှုနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို ခံစားရရှိစေရန် ဟူသော တူညီသည့်ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ တပ်မတော်နှစ်ရပ်အကြားရှိနီးကပ်သော ဆက်ဆံရေးသည် နားလည်မှု၊ ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် စိန်ခေါ်မှုများနှင့် အခက်အခဲမှန်သမျှကို အတူတကွ ကျော်လွှားနိုင်လိမ့်မည်ဟု ခိုင်မာစွာ ယုံကြည်ပါကြောင်း။

မိမိတို့ တပ်မတော်နှစ်ရပ်၏ ခိုင်မာသော ကတိကဝတ်နှင့် သန္နိဋ္ဌာန်တို့ဖြင့် ယနေ့အစည်းအဝေးသည် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်ပြီး အတူတကွသတ်မှတ်ထားသော ရည်မှန်းချက်များအားလုံးကို အပြည့်အဝ အကောင်အထည်ဖော်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယခုအစည်းအဝေးသို့ တင်ပြခဲ့သည့် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ခိုင်မာရေးဆိုင်ရာ လက်တွေ့ကျသော စီမံဆောင်ရွက်ချက်များသည် လုံခြုံရေး၊ ဘေးကင်းရေးနှင့် အပြန်အလှန် နားလည်မှုတို့ကို အထောက်အကူပြုမည်ဖြစ်ပြီး ထိုမှတစ်ဆင့် အနာဂတ်တွင် နယ်ပယ်အသီးသီး၌ ပိုမိုနီးကပ်သော ပူးပေါင်းဆောင်ရွက်မှုများဆီသို့ ဦးတည်သွားမည်ဟု မျှော်လင့်ပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံနှင့် ပြည်သူများ၏ လုံခြုံရေးနှင့် သာယာဝပြောရေးအတွက် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ဟောင်းများ ထားရှိခဲ့သော ကတိကဝတ်များကို ထိန်းသိမ်းစောင့်ရှောက်သွားမည်ဟု ထပ်လောင်းအတည်ပြုပါကြောင်း၊ ဤကတိကဝတ်များသည် ဆက်လက်တည်တံ့နေမည်ဖြစ်ပြီး မိမိတို့ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်ထိန်းသိမ်းကာ ဆက်ဆံရေးကို ပိုမိုနီးကပ်ပြီး ရေရှည်တည်တံ့ခိုင်မြဲအောင် ရှေ့ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် HLC အစည်းအဝေးအား တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်၊ နှစ်နိုင်ငံနယ်စပ်ဒေသရှိ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ဖြေရှင်းဆောင်ရွက်ရာတွင် စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ အတွက် လမ်းညွှန်ချက်များ ချမှတ်ရန်၊ ဒေသအဆင့် နယ်ခြားကော်မတီ (RBC)နှင့် မြို့နယ်အဆင့် နယ်ခြားကော်မတီ(TBC)တို့၏ လုပ်ငန်းဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်နိုင်ရေး အတွက် ညှိနှိုင်းတိုင်ပင်ရန်၊ မြန်မာ-ထိုင်း နယ်စပ်ဒေသတွင် နေထိုင်သည့် နှစ်နိုင်ငံပြည်သူများ၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ထိန်းသိမ်းရန်နှင့် တိုးတက်အောင် ဆောင်ရွက်ရန်၊ မြန်မာ-ထိုင်း နယ်စပ်ရှိ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့် အခြား စိန်ခေါ်မှုများကိုဖြေရှင်းရေးအတွက် လိုအပ်သည်များ စီစဉ်ဆောင်ရွက်ရန် အစရှိသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့ တပ်မတော်နှစ်ရပ်အကြားတွင် ပူးပေါင်းဆောင်ရွက်မှုများနှင့် အပြန်အလှန် နားလည်ယုံကြည်မှုများကို ပိုမိုတိုးမြှင့်တည်ဆောက်ရန်အတွက် အစည်းအဝေးများကို ပုံမှန်ကျင်းပပြုလုပ်လျက်ရှိကြောင်း၊ ယခုနှစ်တွင် ကျင်းပပြုလုပ်သည့် (၃၈)ကြိမ်မြောက် ဒေသဆိုင်ရာ နယ်ခြားကော်မတီ အစည်းအဝေး(38th RBC)ကို ဇွန်လ ၂၉ ရက်မှ ဇူလိုင်လ ၁ ရက်အထိ ကျိုင်းတုံမြို့၌ မြန်မာဘက်က အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပနိုင်ခဲ့ကြောင်း၊ ထို့အပြင် ရေတပ်နှင့် လေတပ်ပိုင်းဆိုင်ရာများတွင်လည်း ပုံမှန်တွေ့ဆုံဆွေးနွေးမှုများ၊ အစည်းအဝေးများနှင့် အပြန်အလှန် အလည်အပတ်ခရီးစဉ်များ ပြုလုပ်လျက်ရှိပြီး တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ကြောင်း။



(၉)ကြိမ်မြောက် ထိုင်း-မြန်မာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး ကျင်းပစဉ်။

ယခုကျင်းပသည့် တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများကော်မတီ အစည်းအဝေးမှတစ်ဆင့်လည်း မိမိတို့ တပ်မတော်နှစ်ရပ်အကြား အပြန်အလှန် နားလည်ယုံကြည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုတို့ကို ပိုမိုခိုင်မာအားကောင်းလာစေရန် တည်ဆောက်နိုင်လိမ့်မည်ဟု အပြည့်အဝယုံကြည်ပါကြောင်း၊တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးကို ကောင်းမွန်သည်ထက် ကောင်းမွန်အောင် မိမိအနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

HLC အစည်းအဝေးသည် နှစ်နိုင်ငံပြည်သူလူထု၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေမည့်ကိစ္စရပ်များကို မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား ပွင့်လင်းမြင်သာစွာ ဆွေးနွေးနိုင်သော အစည်းအဝေးဖြစ်ကြောင်း၊ ယခုအစည်းအဝေးမှတစ်ဆင့် နှစ်နိုင်ငံ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုပုံဖော်ဖန်တီးရာတွင် တန်ဖိုးမဖြတ်နိုင်သည့် အကျိုးကျေးဇူးများကို ဖော်ဆောင်ပေးနိုင်မည်ဟု အခိုင်အမာ ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် (၃၈)ကြိမ်မြောက် ဒေသဆိုင်ရာ နယ်ခြားကော်မတီ အစည်းအဝေး ရလဒ်များအား ထိုင်းဘုရင့်တပ်မတော် အမှတ်(၃) ဒုတိယစစ်တိုင်းဒေသမှူး Major General Narongrit Panigabutr ကလည်းကောင်း၊ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များနှင့် ပူးတွဲအတွင်းရေးမှူးအဖွဲ့ အစည်းအဝေး (JSM)အစည်းအဝေးတွင်အောင်မြင်စွာဆွေးနွေးနိုင်ခဲ့သည့် အကြောင်းအရာများကို HLC ပူးတွဲအတွင်းရေးမှူး နယ်စပ်ရေးရာညွှန်ကြားရေးမှူးချုပ် Lieutenant General Chumphot Nurakkate ကလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ထိုင်း - မြန်မာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးဥက္ကဋ္ဌများ ဖြစ်ကြသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် တို့သည် အစည်းအဝေးတွင် ဆွေးနွေးခဲ့ကြသည့် အကြောင်းအရာအချက်အလက်များကို အတည်ပြုဆုံးဖြတ်ပေးကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် အစည်းအဝေးပိတ်ပွဲမိန့်ခွန်းများ ပြောကြားကာ (၉)ကြိမ်မြောက် ထိုင်း-မြန်မာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး(9th Thailand– Myanmar High Level Committee Meeting)သဘောတူညီချက်များကို လက်မှတ်ရေးထိုးပြီး အပြန်အလှန်လဲလှယ်၍ အထိမ်းအမှတ်တံဆိပ်များကို အပြန်အလှန်ပေးအပ်ကြကာ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ လေထုညစ်ညမ်းမှုတိုင်းတာသည့် စက်ကိရိယာ နှစ်စုံကို လွှဲပြောင်း ပေးအပ်သည်။ ယင်းနောက် နှစ်နိုင်ငံတပ်မတော် ကာကွယ်ရေးဦးစီးချုပ်များသည် အစည်းအဝေး တက်ရောက်လာကြသူများနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

(၉)ကြိမ်မြောက် ထိုင်း- မြန်မာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (9th Thailand– Myanmar High Level Committee Meeting)၏ ပူးတွဲအတွင်းရေးမှူး အဖွဲ့ အစည်းအဝေးကို ဗန်ကောက်မြို့၌ ဩဂုတ်လ ၁၆ ရက်မှ ၁၉ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပြီး ထိုင်း-မြန်မာ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များဖြစ်သည့် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရေးဆိုင်ရာကိစ္စရပ်များ၊ တပ်မတော်နှစ်ရပ်အကြား အစည်းအဝေးများ အပြန်အလှန်ကျင်းပပြုလုပ်ရေးကိစ္စရပ်များ၊ စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ပညာရေးနှင့် လေ့ကျင့်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ အကြမ်းဖက်မှု တန်ပြန်နှိမ်နင်းရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ စစ်ဘက်ယဉ်ကျေးမှု ဖလှယ်ရေးကိစ္စရပ်များ၊ စစ်ဘက်ဆေးပညာ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးနှင့် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များ၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနှင့် တားဆီးကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ၊ အွန်လိုင်းရာဇဝတ်မှု တိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံပြည်သူလူထုအတွက် အကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များ၊ ပင်လယ်ရေကြောင်းလုံခြုံမှုနှင့် ဘေးကင်းမှု မြှင့်တင်ရေးတွင် ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာ ကိစ္စရပ်များ၊ နယ်စပ်ဖြတ်ကျော် တောမီးလောင်ကျွမ်းမှုနှင့် မီးခိုးမြူငွေ့ တားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ရေကြီးမှု ကြိုတင်သတိပေးစနစ်အတွက် အလိုအလျောက် တာဝေးတိုင်းတာရေးစခန်းများ ဖွင့်လှစ်ရေး၊ နယ်နိမိတ်နှင့် နယ်စပ်မြစ်များ ရေညစ်ညမ်းမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးနိုင်ခဲ့ကြပြီး (၁၀)ကြိမ်မြောက် မြန်မာ - ထိုင်း အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးကို ၂၀၂၅ ခုနှစ်တွင် မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

**မန္တလေး ဩဂုတ် ၂၀**

မျိုးဆက်သစ်ကျောင်းသားလူငယ်များ အသိဉာဏ်ပညာဖွံ့ဖြိုးတိုးတက်စေရေး၊ ကျောင်းပညာသာမက ပြင်ပဗဟုသုတများစွာ ကြွယ်ဝစေရေးတို့အတွက် ရည်ရွယ်ကာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို အဆိုပါ ကျောင်းရှိ ခြသေ့်ခန်းမဆောင်၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နွယ်အောင်က အဖွင့်အမှာစကား ပြောကြားပြီး ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်က လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။

လူငယ်စကားဝိုင်း စတင်ဆောင်ရွက်ရာ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား မောင်ရဲထက်က "လူငယ်နှင့်မျိုးချစ်စိတ်"၊ မောင်ကျော်ဇောဟိန်းက "လူငယ်နှင့်ဗလငါးတန်"၊ မသင်းသင်းလှိုင်က "လူငယ်နှင့်အားကစား"၊ မောင်အောင်ပြည့်စုံက "လူငယ်နှင့် မူးယစ်ဆေးဝါး"၊ မောင်ရှင်းခန့်မင်းက "လူငယ်နှင့်အားလပ်ချိန်"၊ မဖြူစင်ဝင်းက "လူငယ်နှင့် စာဖတ်ခြင်း"နှင့် မောင်ဇေယျာပိုင်က "လူငယ်နှင့်အဂတိ"စတဲ့ ခေါင်းစဉ် ခုနစ်ရပ်တို့ဖြင့် အသီးသီးဆွေးနွေးပြောကြားသည်။

လူငယ်စကားဝိုင်းသို့ မြို့နယ်ပညာရေးမှူးရုံးမှ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးဝင်းနိုင်၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နွယ်အောင်နှင့် ဆရာ၊ ဆရာမများ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်နှင့် ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့မောင်(ချမ်း/စံ)**

✧ စာမျက်နှာ ၂၄ မှ

အစည်းအဝေးသို့ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်ဥက္ကဋ္ဌ ဦးသိန်းဟန်သူ၊ ကော်မတီဝင် အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခင်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မသန်စွမ်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ လူမှုရေးရာဝန်ကြီးများနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက အမှာစကားပြောကြားရာတွင် မသန်စွမ်းသူများသည် လူ့အဖွဲ့အစည်း၏ အရေးပါသည့် အစိတ်အပိုင်းဖြစ်ပြီး အများနှင့်နည်းတူ တူညီသည့် အခွင့်အရေးများ ရရှိခံစားပိုင်ခွင့်ရှိအောင် ဖော်ဆောင်ပေးရန် လိုအပ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် မသန်စွမ်းသူများအတွက် လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေ၊ မူဝါဒများကို အပြည့်အဝ အကောင်အထည်ဖော်ပြီး ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်နှင့် သွားလာရေး အခွင့်အလမ်းများ တူညီစွာဖန်တီးပေးနိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ မသန်စွမ်းမှု အမျိုးအစားအလိုက် ကွဲပြားနေသည့် မသန်စွမ်းသူများနှင့် ၎င်းတို့ကိုပြုစုစောင့်ရှောက်ပေးနေကြသည့် မိဘဆွေမျိုးများ သိရှိထားသင့်သည့် အချက်အလက်များနှင့် အကူအညီရယူရန် လိုအပ်သည့်အချက်အလက်များကို စိစစ်ဖော်ထုတ်ပြီး လူထုကိုမျှဝေနိုင်ရန် အမျိုးသားကော်မတီမှတစ်ဆင့် ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် မသန်စွမ်းသူများအပေါ် လျော့ပြောင်းသဘောမှု ပပျောက်စေရန်နှင့် လူ့အခွင့်အရေးအပေါ် အခြေခံသည့် အမြင်ပျံ့နှံ့စေရန်ကိုလည်း ကြိုးစားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ မသန်စွမ်းသူများဆိုင်ရာအရေးကိစ္စများကို ဆောင်ရွက်ရာတွင် လွယ်ကူစွာသွားလာနေထိုင်အသုံးပြုနိုင်ရေးသည် အရေးကြီးပါကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနများ၊ စည်ပင်သာယာရေးကော်မတီများအနေဖြင့် Myanmar National Building Code နှင့်အညီ သတ်မှတ်ဘတ်ဂျက် ခွင့်ပြုငွေအတွင်း ဦးစားပေးကဏ္ဍများ သတ်မှတ်ဖော်ထုတ် ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ မသန်စွမ်းသူများ ပညာသင်ယူနိုင်ရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ဌာနပိုင်ကျောင်း ကိုးကျောင်း ဖွင့်လှစ်ထားရှိပြီး စနစ်တကျ ပြုစုစောင့်ရှောက်မှုပေးလျက်ရှိကြောင်း၊ မိမိတို့အစိုးရ၏ ရက် (၁၀၀) အတွင်း နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း တစ်ကျောင်းကို ထပ်မံဖွင့်လှစ်ပေးခဲ့ပြီး မသန်စွမ်းကလေးငယ်များကို စတင်စောင့်ရှောက်ပေးနေပြီဖြစ်ကြောင်း။

မသန်စွမ်းသူများ မှီခိုမှုအနည်းဆုံးဖြင့် ရှင်သန်ရပ်တည်နိုင်ရန် ပညာသင်ယူမှုအပါအဝင် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ပြင်ဆင်ပြီးချိန်တွင် လက်တွေ့လုပ်ငန်းခွင်ထဲ ဝင်ရောက်နိုင်ရန် နိုင်ငံတော်နှင့်အတူ ပုဂ္ဂလိက ကဏ္ဍကပါ ပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ မတူညီသည့်မသန်စွမ်းမှုများအလိုက် သာလွန်စွမ်းဆောင်နိုင်မှုအရ အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးရန် အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မသန်စွမ်းသူများကို စီးပွားရေးလုပ်ငန်းအပြင် လူမှုအသိုက်အဝန်း၊ ယဉ်ကျေးမှု၊ အားကစားနှင့် အနုပညာနယ်ပယ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရန် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ကျန်းမာရေးကဏ္ဍအနေဖြင့် မသန်စွမ်းသူများကို ဆေးရုံဆေးခန်းများတွင် တန်းစီစောင့်ဆိုင်းစရာမလိုဘဲ ပြသနိုင်ရန်နှင့် ဦးစားပေးအစီအစဉ်ဖြင့် ကုသပေးရန်၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုများ၊ ဓာတ်ခွဲ စမ်းသပ်မှုများ၊ ပုံရိပ်ဖော်နည်းပညာဖြင့် ရောဂါရှာဖွေသည့်အခါတွင် ဦးစားပေးအုပ်စုအနေဖြင့် အခမဲ့ဆောင်ရွက်ပေးရန် ကျန်းမာရေးဝန်ကြီးဌာနက ညွှန်ကြားထားပြီးဖြစ်ကြောင်း၊ မသန်စွမ်းသူများသည် သဘာဝဘေးနှင့် ရင်ဆိုင်ကြုံတွေ့ရသည့်အခါ ပိုမိုထိခိုက်ခံစားရနိုင်ခြေ မြင့်မားသူများဖြစ်ကြသောကြောင့် သဘာဝဘေးလျော့ပါးရေးလုပ်ငန်းစဉ်များတွင် မသန်စွမ်းသူများအတွက် ထည့်သွင်းစဉ်းစားဆောင်ရွက်ကြရန် လိုကြောင်း။

မသန်စွမ်းသူများ၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရန်အတွက် အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် ပြည်ထောင်စုအစိုးရနှင့်အတူ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ တာဝန်ရှိသူများက တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ပြင် မသန်စွမ်းသူများ၏ အခွင့်အရေးကို အားပေးခြင်းသည် လူမှုတရားမျှတမှုအတွက် အခြေခံတာဝန်အဖြစ် မှတ်ယူပြီး နိုင်ငံတော်၏ ဦးဆောင်မှုတွင် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ကြရန်နှင့် ယနေ့အစည်းအဝေးတွင် မသန်စွမ်းသူများအတွက် ထိရောက်အကျိုးရှိစေမည့် အကြံပြုချက်များကို ဆွေးနွေးပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းက မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း၊ အမျိုးသားကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါက်တာ သန့်ဇော်လွင်က ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို လည်းကောင်း၊ ကော်မတီဝင် မသန်စွမ်းကိုယ်စားလှယ်များက ဆောင်ရွက်ပေးစေလိုသည့်အချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေး၍ နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ဦးဆောင်သည့် မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့အား ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဩဂုတ် ၂၀

(၉)ကြိမ်မြောက် ထိုင်း-မြန်မာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (9th Thailand- Myanmar High Level Committee Meeting) သို့ တက်ရောက်ခဲ့သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညပိုင်းတွင် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Ukris Boontanondha က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်နီလာ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကိုကိုဦးနှင့် ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊လေ) ဗိုလ်မှူးချုပ် ဝင်းသူလင်းနှင့်ဇနီးတို့ တက်ရောက်ကြပြီး ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး Mrs. Paveena Boontanondha ၊ ထိုင်းဘုရင့်တပ်မတော်မှ အရာရှိကြီးများနှင့်ဇနီးများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့အား ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်နှင့်ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နှစ်နိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များသည် နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ယင်းနောက် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြရာ ညစာ သုံးဆောင်နေစဉ်အတွင်း ထိုင်းဘုရင့်တပ်မတော် ယဉ်ကျေးမှုအဖွဲ့က တေးသီချင်းများ၊ ရိုးရာရုပ်သေးပြဇာတ်များ၊ အကအလှများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ညစာ သုံးဆောင်အပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် သီဆိုဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုပန်းခြင်းများပေးအပ်ခဲ့ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာ စားပွဲတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

သတင်းစဉ်



## သံအမတ်ကြီး ဦးအောင်မင်းဦး ဆိုမာလီယာဖက်ဒရယ်သမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာ ပေးအပ်

နေပြည်တော် ဩဂုတ် ၂၀

ဆိုမာလီယာဖက်ဒရယ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးအောင်မင်းဦးသည် ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ၂၀၂၆ ခုနှစ် ဩဂုတ်လ ၁၉ ရက်တွင် မိုဂါဒစ်ရှူးမြို့ရှိ သမ္မတအိမ်တော်၌ ဆိုမာလီယာဖက်ဒရယ်သမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဟာဆန်ရှိတ် မိုဟာမက် ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

သတင်းစဉ်

ပညာရဲရင့်
ပွဲလယ်တင့်
✤
ပညာရှေ့အိုး
လူမခိုး

# မန္တလေးတိုင်းဒေသကြီးအတွင်း အထူးဖွံ့ဖြိုးရေးဒေသနှင့် ပတ်သက်၍ အကောင်အထည်ဖော်နိုင်ရေး လျာထားအစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြဆွေးနွေး

**မန္တလေး ဩဂုတ် ၂၀**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများအား မန္တလေးတိုင်းဒေသကြီးအတွင်း အထူးဖွံ့ဖြိုးရေးဒေသ အကောင်အထည်ဖော်နိုင်ရေး စီမံကိန်းများနှင့် ပတ်သက်၍ မင်းမဟာကုမ္ပဏီမှ တာဝန်ရှိသူများက ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမတွင် လာရောက်တွေ့ဆုံ ရှင်းလင်းတင်ပြခဲ့သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မန္တလေးတိုင်းဒေသကြီးအတွင်း မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်များတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေး၊ စဉ်ဆက်မပြတ်တိုးတက်သွားရေးအတွက် အစီအမံများနှင့် စပ်လျဉ်း၍ ပြုစုဆောင်ရွက်သွားရေးတို့ကိုမှာကြားပြီးနောက် မင်းမဟာကုမ္ပဏီမှ တာဝန်ရှိသူများက မန္တလေးတိုင်းဒေသကြီးအတွင်း အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေး ဆောင်ရွက်မည့်စီမံကိန်းတွင် ပါဝင်မည့်အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**




## နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၂၀**

မန္တလေး၊ အောင်မြေသာစံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့်အမှုဆောင်သစ်ရွေးချယ်ပွဲကို ယနေ့နံနက် ၁၀ နာရီက အဆိုပါရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားသို့ အောင်မြေသာစံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ၊ အသင်းဥက္ကဋ္ဌ ဗိုလ်ကြီး စောထွန်းဦး(ငြိမ်း)၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ အသင်းဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးခင်မောင်မြင့်(ငြိမ်း)နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့်အသင်းသားများ၊ အောင်မြေသာစံမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူဖြူသန့်နှင့် တာဝန်ရှိသူများ၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးအောင်သူရနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ သဘာပတိ ဗိုလ်ကြီး စောထွန်းဦး(ငြိမ်း)က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိဒေါ်ဖြူဖြူသန့်က အမှာစကားပြောကြား၍ အမှုဆောင်ဒါရိုက်တာအဖွဲ့ လုပ်ငန်းအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို အသင်းအတွင်းရေးမှူး ဗိုလ်ကြီးမြလင်း(ငြိမ်း)က ဖတ်ကြားတင်ပြပြီး အတည်ပြုချက်ရယူ၍ အသင်းဝင်များ၏ သားသမီးများ တက္ကသိုလ်ဝင်တန်းတွင် ခြောက်ဘာသာဂုဏ်ထူးရှင်၊ တစ်ဘာသာဂုဏ်ထူးရှင်နှင့် ရိုးရိုးအောင်မြင်သူများကို တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ် ချီးမြှင့်၍ သဘာပတိက နိဂုံးချုပ်စကားပြောကြားပြီး အမှုဆောင်ကော်မတီများနှုတ်ထွက်ကြောင်း ကော်မတီကိုယ်စား သဘာပတိက ကြေညာသည်။

ထို့နောက် သဘာပတိအဖြစ် အောင်မြေသာစံမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူဖြူသန့်က ဆောင်ရွက်ပြီး အဖွင့်အမှာစကားပြောကြား၍ အသင်းအမှုဆောင်နှင့် အသင်းစာရင်းစစ်များအား အသင်းသားများမှ ထောက်ခံတင်ပြ၍ အသင်းအမှုဆောင်နှင့် အသင်းစာရင်းစစ်များအား အတည်ပြုချက်ရယူကာ အမှုဆောင်သစ်များက သဘာပတိရှေ့မှောက်တွင် ကတိသစ္စာခံယူကြပြီး ရွေးချယ်ခံရသောအသင်းဥက္ကဋ္ဌ ဗိုလ်ကြီးစောထွန်းဦး(ငြိမ်း)က မိတ်ဆက်စကားပြောကြား၍သဘာပတိက နိဂုံးချုပ်စကားပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းကြောင်းသိရသည်။

**(မန္တလေးနေ့စဉ်-၃)**

၀-၀-၀-၀



## အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၂၀**

မန္တလေးမြို့၌ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက ပြည်တွင်းအခွန်များဦးစီးဌာန၊ မဟာအောင်မြေမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးရှိ အစည်းအဝေးခန်းမတွင် ကျင်းပသည်။



ရှေးဦးစွာ အခမ်းအနားကို အစီအစဉ်အတိုင်း စတင်ဖွင့်လှစ်ခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (မန္တလေးရုံးခွဲ) တာဝန်ခံ ညွှန်ကြားရေးမှူး ဦးအောင်ထူးမြင့်က မြန်မာနိုင်ငံ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအသိပညာပေးလုပ်ငန်းများနှင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဥပဒေဆိုင်ရာ အကြောင်းအရာများကို အကျယ်တဝင့် ဆွေးနွေးဟောပြောခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသည့် မဟာအောင်မြေမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးရှိ အရာထမ်း၊ အမှုထမ်းများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

ထို့နောက် ပြည်တွင်းအခွန်များဦးစီးဌာန၊ မဟာအောင်မြေမြို့နယ် အခွန်ဦးစီးဌာနမှူး ဒေါ်ခင်တိုးလွင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၈)**

## အသက် ၁၄ နှစ်အောက် မန္တလေးတိုင်းဒေသကြီး ဘောလုံးပြိုင်ပွဲအတွက် လူရွေးချယ်ပွဲပြုလုပ်

**ကျောက်ဆည် ဩဂုတ် ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်ပြည်သူ့အားကစားကွင်း၌ ယနေ့နံနက်ပိုင်းက အသက် ၁၄ နှစ်အောက် မန္တလေးတိုင်းဒေသကြီး ခရိုင်ပေါင်းစုံ ကျောင်းသားဘောလုံးအသင်း ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ကျောက်ဆည်ခရိုင်ဘောလုံးအသင်း လူရွေးချယ်ပွဲ ပြုလုပ်ခဲ့သည်။ **(ယာပုံ)**

လူရွေးချယ်ပွဲ၌ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သားမြို့နယ်များမှ အသက် ၁၄ နှစ်အောက် ကျောင်းသား ဘောလုံးအသင်းတို့ ယှဉ်ပြိုင်စေခဲ့ပြီး ကျောက်ဆည်ခရိုင်ဘောလုံးအသင်းအတွက် အားကစားသမား ၁၈ ဦး စိစစ်ရွေးချယ်ကာ ဩဂုတ် ၂၅ ရက်တွင် ကျင်းပပြုလုပ်သွားမည့် ခရိုင်ပေါင်းစုံ အသက် ၁၄ နှစ်အောက် ဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**



**ပလတ်စတစ် ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့။**

## တရုတ်-မြန်မာ ချစ်ကြည်ရင်းနှီးမှု တိုးတက်စေရေး ယဉ်ကျေးမှု ပူးပေါင်းဖလှယ်

**မန္တလေး ဩဂုတ် ၂၀**

တရုတ်-မြန်မာနှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်လာစေရန် ယဉ်ကျေးမှုဖလှယ်ရေးတိုးမြှင့်လာစေရန်နှင့် ဂီတဖြင့် ပြည်သူများအကြား စိတ်နှလုံးချင်းချိတ်ဆက်စေရန် ရည်ရွယ်၍ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ် တက်ဟုန်းပြည်နယ်ခွဲ တိုင်းရင်းသားဂီတအဖွဲ့မှ Mr.Gen Congguo ဦးဆောင်သော ဂီတပညာရှင် ခြောက်ဦးသည် မန္တလေးမြို့သို့ ရောက်ရှိခဲ့ပြီး ဩဂုတ် ၁၇ ရက် နံနက်ပိုင်းက အမရပူရမြို့နယ်ရှိ အမရပူရအိုင်ကွန်ခန်းမတွင် မြန်မာနိုင်ငံဂီတအစည်းအရုံး မန္တလေးတိုင်းဒေသကြီး အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ ဂီတပညာရပ်များ အမြင်ချင်းဖလှယ် တွေ့ဆုံဆွေးနွေးကြသည်။



အခမ်းအနားတွင် မြန်မာနိုင်ငံဂီတအစည်းအရုံး မန္တလေးတိုင်းဒေသကြီးဥက္ကဋ္ဌ ဦးခင်မောင်ဆွေက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တက်ဟုန်းပြည်နယ်ခွဲတာဝန်ခံ လီချီကွေးက တရုတ်ဂီတပညာရှင်များနှင့် မိတ်ဆက်ပေးသည်။

ထို့နောက် မြန်မာ-တရုတ် ဂီတပညာရှင်များက ရိုးရာတူရိယာများ အပြန်အလှန် တီးမှုတ်သီဆိုပြသခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

(ဝ၄၅)

## လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကျင်းပ

**သရက် ဩဂုတ် ၂၀**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက အနောက်ရပ်မြောက်ပိုင်း အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပခဲ့ရာ ကျောင်းအုပ်ဆရာကြီး၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမြင့်အောင်က ဘဝတိုးတက်အောင် စာဖတ်ကြပါစို့ ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြော ဆွေးနွေးခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းမြင့်နှင့် စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဒေါ်နွဲ့ယဉ်ဝင်းတို့က စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များ၊ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်း၊ကုန်စည်နှင့်စပ်လျဉ်း၍ အာမခံချက်ပေးခြင်း ခေါင်းစဉ်ဖြင့် ဟောပြောပေးခဲ့သည်။

ထို့နောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အိန္ဒြာအောင်က ပလတ်စတစ်သုံးစွဲမှု၏ ဆိုးကျိုးများနှင့် ပလတ်စတစ်လျှော့ချရန် နည်းလမ်းကိုးမျိုး ခေါင်းစဉ်ဖြင့် ဟောပြောပေးခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန ထုတ်ဝေသည့် လက်ကမ်းစာစောင်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ထုတ်ဝေသည့်အသိပညာပေး လက်ကမ်းစာစောင်များအား ကျောင်းသား၊ ကျောင်းသူများကို ဖြန့်ဝေပေးခဲ့သည်။ ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် သဘာဝဘေးအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်အား ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

## တောင်တွင်းကြီးမြို့၌ လူငယ်စကားဝိုင်း ကျင်းပ

**တောင်တွင်းကြီး ဩဂုတ် ၂၀**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၌ မျိုးဆက်သစ် ကျောင်းသားလူငယ်များ အသိဉာဏ်ပညာဖွံ့ဖြိုးတိုးတက်စေရေး၊ ကျောင်းပညာသာမက ပြင်ပဗဟုသုတများစွာ ကြွယ်ဝစေရေးတို့အတွက် ရည်ရွယ်ကာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို အထက(ခွဲ) (အလက-၃) ကျောင်းခန်းမ၌ ယမန်နေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ အထက(ခွဲ) (အလက-၃)ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ငြိမ်းငြိမ်းအိက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သင်းသင်းမြတ်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းစတင်ခဲ့ရာ အထက(ခွဲ)(အလက-၃)ကျောင်းရှိ Grade-7ကျောင်းသူ မခြူးသံစဉ်က ‘လူငယ်နှင့် စာဖတ်ခြင်း’၊ Grade-8 ကျောင်းသူ မကြည်နူးသစ်က ‘လူငယ်နှင့် နည်းပညာ’၊ Grade-8 ကျောင်းသူ မနှိုင်းသန့်လမင်းက ‘လူငယ်နှင့် ယဉ်ကျေးမှု’၊ Grade-8 ကျောင်းသူ မကြယ်စင်သွန်းက ‘လူငယ်နှင့်အားကစား’၊ Grade-9 ကျောင်းသူ မမေဘလက်ဇင်ထွန်းက ‘လူငယ်နှင့်ပညာရေး’၊ Grade-8ကျောင်းသား မောင်မြင့်မြတ်သူက ‘လူငယ်နှင့် ကျန်းမာရေး’ စသည့် ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးဆောင်ရွက်သည်။

ထို့နောက် တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးခဲ့သည့် ခေါင်းစဉ်များမှ သိရှိလိုသည့် အကြောင်းအရာများကို မေးမြန်းခဲ့ပြီး ဒုတိယဦးစီးမှူးနှင့် သက်ဆိုင်ရာ ကျောင်းသားကျောင်းသူ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

(ယာပုံ)

**နောင်နောင်(မိဿနိုးမြေ)**



ဖတ်စရာ၊ မှတ်စရာ

စုံလင်

မန္တလေး

## နိုင်ငံတစ်ဝန်းစိမ်းလန်းဖို့

* တစ်နှစ်တစ်ကြိမ် ဇူလိုင်လ
  သစ်ပင်စိုက်ပျိုးကြ။
* သစ်တောတွေက ပြည့်ဘဏ္ဍာ
  သစ်ပင်စိုက်ကြပါ။
* စိမ်းစိုဝေဆာ သဘာဝ
  လှုတိုင်းသဘောကျ။
* အရိပ်ခိုရ သစ်ပင်တွေ
  စိုက်ပျိုးရှင်သန်စေ။
* စားပင်တွေက စားလို့ရ
  စိုက်ပျိုးရှင်သန်ကြ။
* သစ်ပင်တွေက အံ့မခန်း
  စိုက်ပျိုးရှင်သန်စွမ်း။
* နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့
  သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။ ။

**တက္ကသိုလ်ရည်ရွယ်**

## စာဖတ်ရှိန်မြှင့်တင်ရေး မြန်မာစာသတ်ပုံအမှန်ရွေးချယ်ပြိုင်ပွဲ ကျင်းပ

**မြို့သစ် ဩဂုတ် ၂၀**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ မြန်မာစာရေးသားရာတွင် စာလုံးပေါင်းသတ်ပုံအမှန်ဖြင့် ရေးသားနိုင်စေရန်နှင့် မြန်မာစာလုံးပေါင်းသတ်ပုံအမှန်များကို လေ့လာသိရှိစေရန် ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး မြန်မာစာသတ်ပုံအမှန် ရွေးချယ်ပြိုင်ပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန (Community Centre) ခန်းမ၌ ကျင်းပခဲ့သည်။



အဆိုပါ စာဖတ်ရှိန်မြှင့်တင်ရေး မြန်မာစာသတ်ပုံအမှန် ရွေးချယ်ပြိုင်ပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိစွန်က ပြိုင်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်နှင့် အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၄၇ ဦးက ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲသို့ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်တင်မျိုးသူနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက ကြည့်ရှုအားပေးကာ ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဆရာ၊ ဆရာမများက ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ) **ဝင်းအိစွန်(ပြန်/ဆက်)**



# လူတော်လူကောင်း သူတော်ကောင်း

မိုးထက်ကို (အမရပူရ)

**လောကမှာ လူတော်များသည် ကိုယ့်အပြစ်ကိုရှာပြီး ပြုပြင်ကြ၏။ လူညံ့များသည် သူများအပြစ်ကို လိုက်ရှာပြီး ကဲ့ရဲ့ကြ၏။ (ကွန်မြူးရှစ်)**

အနာဂတ်ကာလတွင် နိုင်ငံတော်အတွက် အားကိုးအားထားပြုရမည့် အသိပညာနှင့် ပြည့်စုံသော၊ အရည်အချင်းပြည့်ဝသော လူငယ်များ ပေါ်ထွက်လာရေးအတွက် အတတ်ပညာပြည့်ဝရေးသည် အဓိကကျသကဲ့သို့ အသိပညာဗဟုသုတ၊ အတွေးအခေါ်၊ အယူအဆမှန်ကန်ရေးသည်လည်း မရှိမဖြစ်လိုအပ်လှပါသည်။

'လူတော်'ဆိုသည်မှာ ဘာသာရပ်ဆိုင်ရာ ထူးချွန်ထက်မြက်ပြီး တော်သော၊ တတ်သောသူကို ခေါ်ပါသည်။ ပင်ကိုယ်အရည်အချင်းရှိခြင်း၊ လိမ္မာပါးနပ်ခြင်း၊ ထိုးထွင်းဉာဏ်ရှိခြင်း၊ စီမံကြံဆလုပ်ကိုင်နိုင်ခြင်း၊ ဦးဆောင်ဦးရွက်လုပ်ကိုင်နိုင်ခြင်း၊ စည်းရုံးပြောဆိုတတ်ခြင်းစသည့်အရည်အချင်းများ ရှိပါသည်။

လူတော်တစ်ယောက်ဖြစ်လာရန် ဘယ်လောက်ပင် သေးငယ်သည့် အလုပ်ဖြစ်ပါစေ အကောင်းဆုံးဖြစ်အောင် လုပ်ပါ၊ ကြိုးစားပါ။ အခွင့်အလမ်းက သင့်ဆီကို ရောက်လာပါလိမ့်မည်။ ဘယ်လောက်ပင် နည်းပါးသော အကျိုးကိုသာ ရရှိပါစေ။ ကျေးဇူးတင်လိုက်ပါ ကျေးဇူးတင်ခြင်းသည် သင့်ဆီကို ကောင်းသော အရာများ ယူဆောင်ပေးလာပါလိမ့်မည်။

ကမ္ဘာကျော် ရူပဗေဒသိပ္ပံပညာရှင် အယ်ဘတ်အိုင်းစတိုင်း ရေးသားခဲ့ဖူးပါသည်။

**၁။ မိမိကိုယ်ကို ဝေဖန်သုံးသပ်တတ်ခြင်း။**
**၂။ သိချင်၊ တတ်ချင်စိတ်ပြင်းပြခြင်း။**
**၃။ အာရုံစူးစိုက်နိုင်စွမ်းရှိခြင်း။**
**၄။ မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယရှိခြင်း။**

မိမိဖြစ်လိုရာ မဖြစ်သေးဘဲ နှောင့်နှေးကြန့်ကြာနေသည့် ကာလမျိုးတွင် နေ့ကွေးလှသည်ဟု ညည်းညူမြည်တမ်းမှုမပြုဘဲ အသိဉာဏ်ပညာနှင့် နားလည်သူပီသစွာ စောင့်စားကာ သည်းခံပါ။ စိတ်ဝိညာဉ်နိုးထပြီး အရာရာကို စီမံခန့်ခွဲနိုင်လျှင် 'လူတော်'တစ်ယောက်အဖြစ် သတ်မှတ်နိုင်ပါပြီ။

'လူတော်'တစ်ယောက်ဖြစ်ချင်လျှင် ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုများကို တိုးတက်စေပြီး အသိပညာကို တိုးချဲ့ပါ။ မိမိကိုယ်ကို ပြုစုစောင့်ရှောက်ပါ။ သင်စတင်နိုင်သည့် ဘယ်နေရာကဖြစ်စေ စတင်လိုက်ပါ။ ထူးချွန်ထက်မြက်သော လူတော်များ၌ သာမန်လူများနှင့် မတူညီသော အချက်(၇)ချက် ရှိပါသည်။

**၁။ ထက်မြက်သော ပညာဉာဏ်ရှိခြင်း။**
**၂။ ခိုင်မြဲသော ဆန္ဒနှင့် အာရုံစူးစိုက်မှုရှိခြင်း။**
**၃။ တိကျသော မှတ်သားဉာဏ်ရှိခြင်း။**
**၄။ မှန်ကန်ပြတ်သားသောစကားကို ပြောဆိုခြင်း။**
**၅။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်သော စိတ်ဓာတ်ပြင်းထန်ခြင်း။**
**၆။ ကျယ်ပြန့်သော ဗဟုသုတနှင့် ပြည့်စုံခြင်း။**
**၇။ မိမိတို့၏ အရည်အသွေးကို ပြောင်းမြောက်အောင် ကြိုးစားခြင်း။**

**(စိတ်ပညာဆရာကြီး ဘင်နီဗာ)**

လောကမှာ လူတော်လူကောင်းမှန်သမျှသည် လူ့ဘဝ၏အောင်မြင်မှုကို စည်းစိမ်ဥစ္စာ တိုက်တာခြံမြေတို့နှင့် တိုင်းတာသည် မဟုတ်ပါ။ လောကကောင်းကျိုးကို မည်မျှလောက်အထိ ဆောင်ရွက်ခဲ့သနည်းဟူသော အချက်ဖြင့် တိုင်းတာကြပါသည်။

လောကလူသားတိုင်း မိမိဘဝအဓိပ္ပာယ်ရှိစေရန်၊ အချိန်နှင့်အမျှ မိမိအစ္ဈတ္တကို မိမိကိုယ်တိုင် စစ်ဆေးရပါမည်။ မိမိကိုယ်တိုင် ထိန်းကျောင်းတည့်မတ်ပေးရပါမည်။ မိမိကိုယ်တိုင် ဝေဖန်သုံးသပ်ကြရပါမည်။

'အတ္တာဟိ·အတ္တနော·နာထော' မိမိကိုသာ ကိုးကွယ်ရာဟူသော စကားသည် 'ဘာသာတရားကို မကိုးကွယ်ရ၊ ရတနာသုံးပါးကို မကိုးကွယ်ရ' ဟု ဆိုလိုခြင်း မဟုတ်ပါ။ မိမိ၏ ဘဝတိုးတက်အောင်မြင်ရေးအတွက် အဓိကဖန်တီးနိုင်သူမှာ မိမိသာလျှင် ဖြစ်ပါသည်။ မိမိကိုယ်ကို ကောင်းအောင် လုပ်နိုင်သူမှာ မိမိသာလျှင် ဖြစ်ပါသည်။

'လူကောင်း' ဆိုသည်မှာ အကျင့်သီလ၊ စာရိတ္တနှင့် ကိုယ်ကျင့်တရားကောင်းသောသူကို ခေါ်ပါသည်။ ရိုးသားခြင်း၊ ဖြောင့်မတ်ခြင်း၊ တည်ကြည်ခြင်း၊ သစ္စာရှိခြင်း၊ ကိုယ်ချင်းစာနာတတ်ခြင်း၊ သူတစ်ပါးကို ထိခိုက်နစ်နာအောင် မပြုလုပ်တတ်ခြင်းစသည့် အရည်အချင်းများ ရှိပါသည်။

**၁။ မှားတတ်တာက လူ့သဘာဝ**
**၂။ အမှားရှာ အမှန်ပြုပြင်ကြ**
**၃။ မှားမှန်းမသိသူ လူညံ့**
**၄။ သိလျက် ဆက်မှားသူ လူမိုက်**
**၅။ မှားဖို့ပဲ ဆက်ပြီးကြိုးစားသူ လူယုတ်မာ**
**၆။ အမှား၊ အမှန်၊ အကောင်း၊ အဆိုးသိသူ (သီလရှိသူ)လူမှန်**
**၇။ အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်လိမ္မာသူ လူတော်**
**၈။ သူတစ်ပါးကောင်းကျိုး၊ လူအများကောင်းကျိုး ဆောင်ရွက်သယ်ပိုးသူ (သမာဓိရှိသူ) လူကောင်း**
**၉။ ကိုယ်ကျင့်တရားနှင့် အကျင့်သီလပြည့်စုံသောသူ၊ သူတော်ကောင်း**
**၁၀။ လောကကြီး၏ရုပ်နာမ်တရား၊ ဖြစ်ပျက်နေပုံနှင့် အမြဲဆင်းရဲ၊ ငါမရှိ၊ ငါမဟုတ်၊ ငါမပိုင်၊ ဟူသော သဘောသဘာဝတို့ကို သိမြင်ခံယူနိုင်သူ (ပညာရှိ)မွန်မြတ်သောသူ**

**(သီတဂူဆရာတော်အရှင်ဉာဏိဿရ)**

ကိုယ်ကျင့်သီလပျက်ပြားသူသည် လူမိုက်ဖြစ်၏။ 'ကိုယ်ကျင့်'ဆိုသည်မှာ မိမိကျင့်ရမည့် အကျင့်များ ဖြစ်သည်။ 'သီလ'ဆိုသည်မှာ စောင့်ထိန်းအပ်သော ကျင့်ဝတ်၊ ကာယကံမှု၊ ဝစီကံမှုတို့ကို ဖရိုဖရဲမရှိစေရန် ကောင်းစွာထားရမည့် ကျင့်ဝတ်ဖြစ်သည်။

ထိုကျင့်ဝတ်ကို ကောင်းစွာစောင့်ထိန်းနိုင်သူသာ လူကောင်းဖြစ်ပါသည်။

လူသားတိုင်းအတွက် လိုအပ်သည့် သီလနှစ်ပါး ရှိပါသည်။ စာရိတ္တသီလနှင့် ဝါရိတ္တသီလတို့ဖြစ်ပါသည်။

'စာရိတ္တသီလ'ဆိုသည်မှာ ကောင်းသောလုပ်ငန်းတာဝန်များ၊ ဝတ္တရားများကို ပြုကျင့်၊ လိုက်နာ၊ ဆောင်ရွက်ခြင်း ဖြစ်သည်။ 'ဝါရိတ္တသီလ'ဆိုသည်မှာ ငါးပါးသီလကို လုံခြုံအောင်၊ ပြည့်စုံအောင် စောင့်ထိန်းခြင်းပင် ဖြစ်သည်။ မုသားစကားပြောဆိုခြင်း၊ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးယူခြင်းစသည့် ဒုစရိုက်များကို ရှောင်ကြဉ်ခြင်းပင် ဖြစ်ပါသည်။

လူတို့သည် မွေးကတည်းက သူတော်ကောင်း၊ သူယုတ်မာဟူ၍ ဖြစ်လာသည် မဟုတ်ပါ။ မိမိတို့၏ အပြုအမူ၊ စိတ်နေစိတ်ထားကသာ သူတော်ကောင်း၊ သူယုတ်မာဖြစ်အောင် ဖန်တီးပေးလိုက်ခြင်းပင် ဖြစ်ပါသည်။ မြတ်ဗုဒ္ဓ၏ တရားဓမ္မ၊ အဆုံးအမများနှင့်အညီ ပြုမူပြောဆို ကျင့်ကြံသော သူတော်ကောင်းတစ်ယောက်သည် သူတစ်ပါးအပေါ်မှာ စာဂ၊ ဒါန၊ မေတ္တာ၊ စာနာမှု၊ လေးစားမှု၊ အနစ်နာခံမှု၊ ခွင့်လွှတ်မှု၊ စွန့်လွှတ်မှု၊ ပေးလှူမှု၊ ပေးကမ်းမှုများကို ပြုလုပ်နေကြပါသည်။

သူတော်ကောင်းဥစ္စာ(၇)ပါးရှိပါသည်။

**၁။ သဒ္ဓါ = ရတနာသုံးပါးနှင့် ကံ၊ ကံ၏ အကျိုးကို ယုံကြည်ခြင်း။**
**၂။ သီလ = အကျင့်သီလကောင်းမွန်ခြင်း။**
**၃။ သုတ = အကြားအမြင်၊ ဗဟုသုတ ပြည့်ဝအောင် လေ့လာ၊ ဆည်းပူး၊ မှတ်သားခြင်း။**
**၄။ စာဂ = စွန့်လွှတ်၊ ပေးကမ်း၊ စွန့်ကြဲခြင်း။**
**၅။ ပညာ = လောကီ၊ လောကုတ္တရာ၊ ပညာနှင့် ပြည့်စုံခြင်း။**
**၆။ ဟိရီ = မကောင်းမှုပြုရမှာကို ရှက်ခြင်း။**
**၇။ ဩတ္တပ္ပ = မကောင်းမှုပြုရမှုကို ကြောက်ခြင်း။**

သူတော်ကောင်း၊ လက္ခဏာ (၁၄)ပါးလည်း ရှိပါသည်။

**၁။ စိတ်ရှည်ခြင်း၊ သည်းခံခြင်း၊ သဘောထားကြီးခြင်း။**
**၂။ မကြွားဝါတတ်ခြင်း။**
**၃။ ဒေါသ မလွန်ကဲခြင်း။**
**၄။ အတ္တ၊ မာနမကြီးခြင်း။**
**၅။ ကျေးဇူးတရားသိတတ်ခြင်း။**
**၆။ ဂုဏ်တု၊ ဂုဏ်ပြိုင်မလုပ်ခြင်း။**

ယနေ့ကမ္ဘာကြီးမှာ ရုပ်ပိုင်းဆိုင်ရာ ရုပ်ဝတ္ထုတွေ ခေတ်နှင့်အပြိုင် အံ့မခန်းတိုးတက်နေသော်လည်း စိတ်ပိုင်းဆိုင်ရာ ကိုယ်ကျင့်တရားနှင့် အကျင့်စာရိတ္တတွေ တိုးတက်မှုမပါလျှင်၊ သူတော်ကောင်းတရားတွေမရှိလျှင် ဘယ်လောက်ပင် ချမ်းသာကြွယ်ဝနေပါစေ။ စိတ်၏ ငြိမ်းအေးမှု၊ စိတ်၏ ချမ်းသာမှုများ မရနိုင်ပေ။

**၇။ မိမိကိုယ်ကျိုးကို မကြည့်တတ်ခြင်း။**
**၈။ မှန်ကန်သောစကားကိုသာ ပြောဆိုခြင်း။**
**၉။ ကိုယ်ကျင့်တရားကောင်းမွန်ခြင်း။**
**၁၀။ သူတစ်ပါးအပြစ်ကို စိတ်မှတ်မထားခြင်း။**
**၁၁။ အပြစ်မြင်၊ အပြစ်တင်မပြောတတ်ခြင်း။**
**၁၂။ မကောင်းမှုကို မနှစ်သက်၊ မလိုလားခြင်း။**
**၁၃။ ကုသိုလ်ကောင်းမှုကို ကြိုးပမ်းရယူခြင်း။**
**၁၄။ သည်းမခံနိုင်တဲ့အထိ သည်းခံခြင်း။**

ယနေ့ကမ္ဘာကြီးမှာ ရုပ်ပိုင်းဆိုင်ရာ ရုပ်ဝတ္ထုတွေ ခေတ်နှင့်အပြိုင် အံ့မခန်းတိုးတက်နေသော်လည်း စိတ်ပိုင်းဆိုင်ရာ ကိုယ်ကျင့်တရားနှင့် အကျင့်စာရိတ္တတွေ တိုးတက်မှုမပါလျှင်၊ သူတော်ကောင်းတရားတွေ မရှိလျှင် ဘယ်လောက်ပင် ချမ်းသာကြွယ်ဝနေပါစေ။ စိတ်၏ ငြိမ်းအေးမှု၊ စိတ်၏ ချမ်းသာမှုများ မရနိုင်ပေ။

'သူတော်ကောင်းတို့သည် ဆင်းရဲခြင်းသို့ရောက်သော်လည်း အကျင့်ကောင်းကို မစွန့်' ဟူ၍ လောကနီတိ အဆိုရှိပါသည်။ သူတော်ကောင်းတို့သည် ကောင်းမှုပြုလုပ်ရန် လွယ်ကူသော်လည်း သူယုတ်မာတို့သည် ကောင်းမှုပြုလုပ်ရန် ခဲယဉ်း၏။ သူယုတ်မာသည် မကောင်းမှုပြုလုပ်ရန် လွယ်ကူသော်လည်း သူတော်ကောင်းတို့သည် မကောင်းမှုပြုလုပ်ရန် ခဲယဉ်း၏ဟူသော စကားကို အတုယူ၍ မိမိတို့သည် သူယုတ်မာလို မပြုဘဲ သူတော်ကောင်းကဲ့သို့ ကျင့်ကြံပါလျှင် သံသရာဘေးမှ လွတ်မြောက်နိုင်ကြပေမည်။

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ ဟောကြားရေးသားထားသည်များ ရှိပါသည်။ မိဘနှစ်ပါးကို လေးလေးစားစား ပြုစုစောင့်ရှောက်တတ်သော သားသမီးများသည် သူတော်ကောင်း။

ကိုယ့်အမျိုးထဲမှ ရှိသေလေးစားထိုက်သော ပုဂ္ဂိုလ်များကို လေးစားခြင်းသည် သူတော်ကောင်း။

စကားပြောဆိုသည့်အခါ ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုတတ်သောသူသည် သူတော်ကောင်း။

တစ်ယောက်နဲ့ တစ်ယောက်ကို မတည့်အောင် ကုန်းတိုက်ပြုလုပ်ခြင်းများ ထိုစိတ်ဓာတ်ကင်းပြီ ဆိုပါလျှင် သူတော်ကောင်း။

မစ္ဆရိယစိတ်ကို ဖယ်ရှားနိုင်သောသူသည် သူတော်ကောင်း။

မှန်သောစကားကို ပြောရဲသောသူသည် သူတော်ကောင်း။

ကိုယ့်ဒေါသကို ကိုယ်ထိန်းနိုင်သော ပုဂ္ဂိုလ်သည် လူတော်၊ လူကောင်းတစ်ယောက်၊ သူတော်ကောင်းပင် ဖြစ်ပါသည်။

ထို့ကြောင့် တိုတောင်းလှသည့် လူ့ဘဝ၊ ကိုယ်ပိုင်ဆိုင်ခွင့်ရသည့် သက်တမ်း၊ တစ်ခဏတာအချိန်လေးအတွင်းမှာ လူတော်၊ လူ ကောင်း၊ သူတော်ကောင်းတရားများကို ကျင့်ကြံပွားများအားထုတ်ကာ လောကအကျိုး၊ နိုင်ငံနှင့်လူမျိုးအကျိုး၊ ကိုယ့်ရပ်ရွာအကျိုး၊ လောကီ လောကုတ္တရာ နှစ်ဖြာသောအကျိုးတို့ကို သယ်ပိုးထမ်းရွက်ကြစေလိုပါကြောင်း စေတနာထားကာ ရေးသားလိုက်ရပါသည်။

# တပ်မတော်စစ်ကြောင်းများက ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ ၂၃ ဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၀**

ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပပျောက်စေရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိပြီး အထူးသဖြင့် နယ်စပ်ဒေသများတွင်အခြေပြုပြီး လုပ်ကိုင်နေမှုများကို ထိထိရောက်ရောက် ရှာဖွေဖော်ထုတ် တိုက်ဖျက်နေသကဲ့သို့ ပြည်တွင်း၌ ကျူးလွန်နေသူများကိုလည်း ပြင်းပြင်းထန်ထန် ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ အရှိန်အဟုန်ဖြင့် တက်ကြွစွာ ဆောင်ရွက်လျက်ရှိရာ တပ်မတော်စစ်ကြောင်းများက ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ်အတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်သူ ၂၃ ဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ အောင်မြင်စွာ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးသီးမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုပြုလုပ်သူများသည် ယာယီလူနေတဲများ ဆောက်လုပ်၍ အခြေပြုခိုအောင်း လုပ်ကိုင်လျက်ရှိကြောင်း တာဝန်သိဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းများက သတင်းကွင်းဆက် ရယူဖော်ထုတ်၍ နယ်မြေလုံခြုံရေးလုပ်ငန်းများကို အဆင့်ဆင့် အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့ရာ ယနေ့နံနက်ပိုင်းတွင် ကျေးသီးမြို့နယ် ဝမ်ဖွန်းကျေးရွာ၏ မြောက်ဘက် မီတာ ၉၉၀၀ ခန့်အကွာ၊ ပုံလုံကျေးရွာ၏ အရှေ့မြောက်ဘက် မီတာ ၂၉၀၀ ခန့်အကွာ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်နေသည့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာသော တရုတ်နိုင်ငံသား အမျိုးသား ၁၀ ဦးတို့အား အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ယာယီလူနေမိုးကာတဲ နှစ်လုံး၊ ယာယီအလုပ်ရုံမိုးကာတဲ တစ်လုံး၊ ယာယီစားချက်ဆောင်မိုးကာတဲ တစ်လုံး၊ Star Link လေးစုံ၊ ဖုန်းမျိုးစုံ ၂၆ လုံး၊ Tablet နှစ်လုံး၊ Laptop တစ်လုံး၊ Network လိုင်းခွဲ Box ရှစ်ခု၊ Wifi စက် ၁၂ ခု၊ ငွေဖြတ်စက် လေးလုံး၊ မီးစက် (အကြီး) တစ်လုံး၊ ရေခဲသေတ္တာ နှစ်လုံး၊ ဆက်စပ်ပစ္စည်းတို့နှင့် အတူ ဖမ်းဆီးရမိခဲ့သည်။



ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးသီးမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများအား လူနေအဆောက်အအုံများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများက အဆိုပါ ဝန်းကျင်တစ်ဝိုက် အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်နေခြင်း မရှိစေရေး နယ်မြေလုံခြုံရေး လုပ်ငန်းများ စနစ်တကျ ဆက်လက်ဆောင်ရွက်ခဲ့ရာ ပုံလုံကျေးရွာ၏ အနောက်မြောက်ဘက် မီတာ ၃၀၀၀ ခန့်တွင် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်နေသည့် တရားမဝင် နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာသော တရုတ်နိုင်ငံသား အမျိုးသား ခြောက်ဦးတို့အား လည်းကောင်း၊ ပုံလုံကျေးရွာ၏ မြောက်ဘက် မီတာ ၃၉၀၀ ခန့်တွင် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်နေသည့် တရားမဝင် နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာသော တရုတ်နိုင်ငံသား အမျိုးသား ခုနစ်ဦးတို့အားလည်းကောင်း ထပ်မံဖမ်းဆီးရရှိခဲ့ပြီး စုစုပေါင်းအွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ၂၃ ဦးအား ဖမ်းဆီးရမိခဲ့သည်။

ထိုသို့ ဖမ်းဆီးရမိခဲ့သည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများအား စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲ ဥပဒေများနှင့်အညီ ထိရောက်စွာ ပြင်းပြင်းထန်ထန် အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများကိုလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။

ထို့ပြင် တရားမဝင်ဆောက်လုပ်ထားသည့် လူနေတဲများနှင့် လုပ်ငန်းသုံးတဲများကိုလည်း စနစ်တကျဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်းနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အခြေချလုပ်ကိုင်နိုင်ခြင်း မရှိစေရေးနှင့် အပြီးတိုင် ပပျောက်စေရေးတို့အတွက် အမြစ်ပြတ်တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်မပြတ် အထူးအလေးထား၍ တက်ကြွစွာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ်အတွင်း ဖမ်းဆီးရမိသော အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရားမဝင် ဝင်ရောက်နေထိုင်သည့် တရုတ်နိုင်ငံသား ၁၀ ဦးနှင့် လုပ်ငန်းသုံးပစ္စည်းများကို တွေ့ရစဉ်။



ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ်အတွင်း ဖမ်းဆီးရမိသော အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရားမဝင် ဝင်ရောက်နေထိုင်သည့် တရုတ်နိုင်ငံသား ၂၃ ဦးနှင့် လုပ်ငန်းသုံးပစ္စည်းများကို တွေ့ရစဉ်။

---

## ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**ပွင့်ဖြူ ဩဂုတ် ၂၀**

မကွေးတိုင်းဒေသကြီး၊မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနတို့ပူးပေါင်း၍ ဩဂုတ် ၁၈ ရက် မွန်းတည့် ၁၂ နာရီက လူထုအခြေပြုဗဟိုဌာနခန်းမ၌ မိုးရာသီကာလတွင် ဖြစ်ပွားတတ်သော ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း သိကောင်းစရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာအောင်က အသိပညာပေးဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဆေးရုံအုပ်ကြီး ဒေါက်တာရဲလင်းတိုးက ပြည်သူများ ကျန်းမာရေးအသိပညာဗဟုသုတ တိုးပွားစေရန်၊ ကျန်းမာရေးနှင့် ညီညွတ်မျှတစွာ နေထိုင်တတ်စေရန် ရည်ရွယ်၍ မိုးရာသီကာလတွင် ဖြစ်ပွားတတ်သော ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါသည် ဝမ်းရောဂါကို ဖြစ်ပွားစေသော မသန့်ရှင်းသောရေနှင့် အစားအစာများ စားသောက်မိရာမှတစ်ဆင့် ဖြစ်ပွားနိုင်ကြောင်းနှင့် ၄င်းရောဂါသည် ရောဂါကူးစက်ပျံ့နှံ့စေနိုင်သဖြင့် ရှောင်ကြဉ်သတိပြုကြစေလိုကြောင်း၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဝေဒနာ ခံစားရပါက အော့အန်ခြင်း၊ နှလုံးခုန်နှုန်းမြန်ခြင်း၊အရေပြား၏ ကျုံ့နိုင် ဆန့်နိုင်အား လျော့နည်းလာခြင်း၊ မျက်တွင်းချိုင့်ဝင်ခြင်း၊ ခံတွင်း၊ လျှာနှင့် နှုတ်ခမ်းများ ခြောက်သွေ့လာခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်းတို့ကို ဖြစ်စေနိုင်ကြောင်း၊ အဆိုပါ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်စေရေးအတွက် အစားအစာ မစားမီနှင့် အစားအစာမပြင်ဆင်မီ အချိန်၊ အညစ်အကြေးနှင့် အမှိုက်များ ကိုင်တွယ်ပြီးချိန် စသဖြင့် မသန့်ရှင်းသောအရာများကို ထိတွေ့ကိုင်တွယ်ပြီးပါက လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာ စနစ်တကျ ဆေးကြောရန်၊ တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုဆောင်ရွက်ရန်၊ ရေကိုကျိုချက်၍ သောက်သုံးရန်နှင့် အစားအစာများကို ယင်လုံအောင် စနစ်တကျဖုံးအုပ်ထားရန် စသည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ကုသခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(၄၄၅)

၀-၀-၀-၀

၀-၀-၀-၀-၀

---

## စွန်ဆည်ရေလှောင်တမံ ရေပိုလွှဲမှ ဆက်လက်ရေကျော်ကျလျက်ရှိပြီး ဆဒ္ဒန်ဆည်ရေလှောင်တမံ ရေပိုလွှဲမှ ရေကျော်ကျခြင်းမရှိ

**မြို့သစ် ဩဂုတ် ၂၀**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ဩဂုတ်လ လဆန်းပိုင်းမှစတင်၍ မိုးအဆက်မပြတ် ရွာသွန်းခဲ့မှုကြောင့် ဩဂုတ် ၁၉ ရက် နံနက် ၆ နာရီ ဆည်ရေတိုင်းထွာချက်အရ စွန်ဆည်ရေလှောင်တမံ ရေပိုလွှဲမှ ဆက်လက်ရေကျော် ကျလျက်ရှိပြီး ဆဒ္ဒန်ဆည်ရေလှောင်တမံရေပိုလွှဲမှ ရေကျော်ကျခြင်းမရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

စွန်ဆည်ရေလှောင်တမံ၏ ရေပြည့်အမှတ်သည် ၆၂၅ ပေဖြစ်ပြီး လက်ရှိရေမှတ်မှာ ၆၂၅ ဒသမ ၈၀ ပေရှိသည့်အတွက် ရေပိုလွှဲမှ သုည ဒသမ ရှစ်ပေခန့်၊ ဆဒ္ဒန်ဆည်ရေလှောင်တမံ၏ ရေပြည့်အမှတ်သည် ၅၆၀ ဒသမ ၅၀ ပေဖြစ်ပြီး လက်ရှိရေမှတ်မှာလည်း ၅၆၀ ဒသမ ၅၀ ပေသာရှိသည့်အတွက် ရေပိုလွှဲမှ ဆက်လက်ရေကျော်ကျခြင်း မရှိကြောင်း သိရသည်။

စွန်ဆည်ရေလှောင်တမံ ရေပိုလွှဲမှ ရေကျော်ကျမှုရှိသော်လည်း ဆည်၏ ဆက်စပ်အဆောက်အအုံများ ကြံ့ခိုင်ကောင်းမွန်သည့်အတွက် စိုးရိမ်စရာအခြေအနေ မရှိကြောင်းနှင့် ဆည်အခြေအနေနှင့်ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိနှင့်ဝန်ထမ်းများက အနီးကပ်ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ တမံအောက်ဘက်ရှိ ကျေးရွာနေပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အသိပေးနှိုးဆော်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဝင်းအိစွန် (ပြန်/ဆက်)

၀-၀-၀-၀

၀-၀-၀-၀-၀

---

## ဆီဆိုင်မြို့နယ်၌ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု ကျင်းပ

**ဆီဆိုင် ဩဂုတ် ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်၌ မြို့နယ်အဆင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ကျန်းမာရေး ဆရာမက ကိုယ်ဝန်ဆောင်စဉ်နှင့် မိခင်နို့တိုက်ကျွေးစဉ် ကျန်းမာရေးနှင့် ညီညွတ်အောင် ချက်ပြုတ်စားသုံးခြင်း အကြောင်းအရာများကို အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် အာဟာရပြည့် အစားအစာ ချက်ပြုတ်ပြိုင်ပွဲကို ဆောင်ရွက်ပေးပြီး မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ အဖွဲ့ဝင်များ၊ ကျန်းမာရေး ဆရာ၊ ဆရာမများက ကိုယ်ဝန်ဆောင်မိခင်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(၃၆၈)

၀-၀-၀-၀

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၅၉)၊ ဦးပိုင်အမှတ်(၁၉)၊ ၅၅လမ်းနှင့် ၅၆လမ်းကြား၊ ၁၄၂လမ်းနှင့် အမှတ်(၆)ရေဆိုးပစ်ချောင်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမင်းဆွေ(၉/အမဇ(နိုင်)၀၁၁၉၃၄)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၈၃၂/၂၀၁၇)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်တင်လေးရီ(၅/မရန(နိုင်)၀၁၃၇၁၅)က အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် ယခင်ကရေးကူးခဲ့သော မြေပုံ၊ မြေရာဇဝင်မူရင်းမှာ အသိမ်းလွန်၍ ပျောက်ဆုံးသွားပါသဖြင့် ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ထပ်မံရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(H-၂၂၁)၊ ဦးပိုင်အမှတ်(၈၈)၊ ၁၃၈လမ်းနှင့် ၁၃၉လမ်းကြား၊ ၅၄လမ်းနှင့် ၅၅လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်ဦး(၈/ရစက(နိုင်)၀၉၅၈၃၀)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၂၀၆/၂၀၁၈)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်သန္တာအေး(၈/မဘန(နိုင်)၁၀၄၀၃၃)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ဖခင်အမည်မှန်

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦးဘုန်းတော်ကြီးသင်ပညာရေး အထက်တန်းကျောင်း၊ Grade 2 မှ မောင်မုန်ဒီတ်သုန်နှင့် Grade-4 မှ မောင်ထန်လန်းပြန်တို့၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုစာရင်းအရ ဦးလျန်းမွန့်ထန်ဖြစ်ပါသည်။

**ဦးလျန်းမွန့်ထန်(၄/တတန(နိုင်)၀၄၄၉၂၈)**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(အ-၂၀)၊ ဦးပိုင်အမှတ်(၁၉)၊ ၇၂လမ်းနှင့် ၇၃လမ်းကြား၊ ၁၁၉လမ်းနှင့် ၁၂၀လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အယ်လီဇဘက်(ခ)နော်မူမူအေး(၉/မရမ(နိုင်)၀၃၇၉၄၆)၊ ဦးစောဗစ်တာ(ခ)ဝင်းနိုင်ထူး(၉/မရမ(နိုင်)၀၃၈၂၁၆)၊ ဦးစောခရစ်တီထူး(ခ)ဝင်းအေး(၉/မရမ(နိုင်)၀၃၇၉၄၅)၊ ဦးစောဆယ်မြူရယ်ထူး(၉/မရမ(နိုင်)၀၅၉၀၄၉)တို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၄၅၅၁/၂၀၂၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးခင်မောင်ညို(၈/နမန(နိုင်)၁၁၂၄၉၇)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(စစ-၁)၊ ဦးပိုင်အမှတ်(၂၁)၊ ၁၀၅လမ်းနှင့် ၁၀၆လမ်းကြား၊ ၅၉လမ်းနှင့် သံလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်ခင်အေး(၉/မရမ(နိုင်)၀၅၂၁၄၃)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## မွေးသက္ကရာဇ်နှင့် နိုင်ငံသားစိစစ်ရေးကတ် အမှန်ဖြစ်ကြောင်း

(အဘ)ဦးကျော်လွင်၏ သား မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့၊ ဈေးချိုရပ်၊ မင်္ဂလာစံရပ်နေ ဦးသိန်းမင်းထက်(ခ)သက်ပိုင်ဝင်းလွင်၏ မွေးသက္ကရာဇ်အမှန်မှာ Smart Card အရ (၃၀-၉-၁၉၇၇)ဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်အမှန်မှာ (၁၄/ဘကလ(နိုင်)၁၄၃၃၉၈)ဖြစ်ပါသည်။

**ဦးသိန်းမင်းထက်(ခ)သက်ပိုင်ဝင်းလွင်(၃၀-၉-၁၉၇၇)**
**(၁၄/ဘကလ(နိုင်)၁၄၃၃၉၈)**

### ဘုရား၊ ကျောင်း၊ စာချကျောင်း၊ သိမ်၊ ရေတွင်း၊ ရေကန်၊ ဇရပ်၊ လမ်းတံတား၊ ရဟန်းအလှူ့ဒါယိကာမကြီး

# ဒေါ်ဆွဲ(ခ)ဒေါ်ညွန့်ညွန့် အသက်(၉၀)နှစ်

**('သမာဓိ'ကားပစ္စည်းနှင့် စက်သုံးဆီရောင်းဝယ်ရေး)**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အကွက်(၆၆၁)၊ လမ်း၈၀၊ ၃၉လမ်းနှင့် လမ်း၄၀ကြား၊ 'သမာဓိ'ကားပစ္စည်းဆိုင်နေ ဒေါ်ခင်ဆွေတင့်၊ ဒေါ်နီနီအေး၊ ဒေါ်စိုးစိုးဝင်း၊ ဦးယုကြိုင်+ဒေါ်နုနုရီ၊ ဒေါ်ငြိမ်းငြိမ်းမိုး၊ ဦးမောင်မောင်သိန်း+ဒေါ်စိမ်းစိမ်း၊ ဦးဇော်ဝင်း+ဒေါ်ခိုင်ဇင်ဝင်းတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး-မောင်ဇယ်လွန်း၊ မြစ်-မဝင်းလက်လက်သော်၊ မထက်လွန်းဝတီဝင်းတို့၏ ချစ်လှစွာသော ဘွားဘွားကြီး၊ ဦးတင်အောင် 'သမာဓိ' ကားပစ္စည်းနှင့်စက်သုံးဆီရောင်းဝယ်ရေး၏ ချစ်လှစွာသော ဇနီး

## ဒေါ်ဆွဲ(ခ)ဒေါ်ညွန့်ညွန့် အသက်(၉၀)နှစ်

သည် (၁၉-၈-၂၀၂၆)ရက်၊ ဗုဒ္ဓဟူးနေ့၊ ည(၁၀:၀၀)နာရီတွင် (၉၆)ပါးသောရောဂါဝေဒနာဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို (၂၂-၈-၂၀၂၆)ရက်၊ ၁၃၈၈-ခုနှစ်၊ ဝါခေါင်လဆန်း(၉)ရက်၊ (စနေနေ့) မွန်းလွဲ(၁:၀၀)နာရီတွင် အကွက်(၆၆၁)၊ လမ်း၈၀၊ ၃၉လမ်းနှင့် လမ်း၄၀ကြားနေအိမ်မှ တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(သ-၃)၊ ဦးပိုင်အမှတ်(၂၄+၂၃)၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ ၁၁၅လမ်းနှင့် ၁၁၆လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ချယ်ရီဦး(၁၃/ကခန(နိုင်)၀၈၉၉၃၄)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၅၈၇)၊ ဦးပိုင်အမှတ်(၃၂/၁)၊ ထုံးဘို-မြစ်ငယ်လမ်းတောင်ဘက်၊ ရန်ကုန်-မန္တလေးလမ်းအရှေ့ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးရန်နိုင်(၉/မဟမ(နိုင်)၀၂၆၈၉၄)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၅၈၈-ဂ)၊ ဦးပိုင်အမှတ်(၁၁-ဃ/၉-က)၊ ထုံးဘို-မြစ်ငယ်လမ်းတောင်ဘက်၊ ရန်ကုန်-မန္တလေးလမ်းအရှေ့ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးရန်လောက်ဆန်(၁၃/ကလတ(နိုင်)၀၁၇၈၂၅)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၅၈၈-ဂ)၊ ဦးပိုင်အမှတ်(၁၁-ဃ/၈-ခ+၁၁-ဃ/၁၀)၊ ထုံးဘို-မြစ်ငယ်လမ်းတောင်ဘက်၊ ရန်ကုန်-မန္တလေးလမ်းအရှေ့ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးရန်နိုင်(၉/မဟမ(နိုင်)၀၂၆၈၉၄)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ငင-၅)၊ ဦးပိုင်အမှတ်(၆၉-က)၊ ၅၅လမ်းနှင့် ၅၆လမ်းကြား၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစန်းလှိုင်(၅/ယမပ(နိုင်)၀၄၇၅၂၂)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(ဝ-၈)၊ ဦးပိုင်အမှတ်(၂၅)ခဲစင်းမြောက်ဘက်ခြမ်း၊ ၆၇လမ်းနှင့် ၆၈လမ်းကြား၊ ၁၁၄လမ်းနှင့် ၁၁၅လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကိုကိုအောင်(၉/မရမ(နိုင်)၀၀၁၀၂၀)၊ ဒေါ်မေဦးခိုင်(၉/မဟမ(နိုင်)၀၄၀၆၅၉)တို့က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၅၈၇)၊ ဦးပိုင်အမှတ်(၅/၂)၊ ထုံးဘို-မြစ်ငယ်လမ်းတောင်ဘက်၊ ရန်ကုန်-မန္တလေးလမ်းအရှေ့ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးရန်နိုင်(၉/မဟမ(နိုင်)၀၂၆၈၉၄)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၅၈၇)၊ ဦးပိုင်အမှတ်(၅/၄)၊ ထုံးဘို-မြစ်ငယ်လမ်းတောင်ဘက်၊ ရန်ကုန်-မန္တလေးလမ်းအရှေ့ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးရန်နိုင်(၉/မဟမ(နိုင်)၀၂၆၈၉၄)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၈)၊ ဦးပိုင်အမှတ်(၁၂၂)၊ ၆၅လမ်းနှင့် ၆၇လမ်းကြား၊ ၁၁၆လမ်းနှင့် ၁၁၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မြင့်ကြည်(၈/ဆမန(နိုင်)၀၂၃၁၅၇)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၅၈၈-ဂ)၊ ဦးပိုင်အမှတ်(၁၁-ဃ/၁၆)၊ ထုံးဘို-မြစ်ငယ်လမ်းတောင်ဘက်၊ ရန်ကုန်-မန္တလေးလမ်းအရှေ့ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးရန်နိုင်(၉/မဟမ(နိုင်)၀၂၆၈၉၄)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၅၈၇)၊ ဦးပိုင်အမှတ်(၅/၃)၊ ထုံးဘို-မြစ်ငယ်လမ်းတောင်ဘက်၊ ရန်ကုန်-မန္တလေးလမ်းအရှေ့ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးရန်နိုင်(၉/မဟမ(နိုင်)၀၂၆၈၉၄)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

# အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၆၆လမ်းနှင့် ဇေယျာဝတီလမ်းထောင့်၊ အမှတ်(G-၉၀)တွင် ဖွင့်လှစ်လုပ်ကိုင်လျက်ရှိသည့် SHWE YAHTAR CO.,LTD ၏ အုပ်ချုပ်မှုဒါရိုက်တာ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေကုမ္ပဏီသည် အထက်ပါလိပ်စာတွင် SYH အမည်အမှတ်တံဆိပ်ဖြင့် မော်တော်ယာဉ်ကြီးများတွင် အသုံးပြုသည့် လေစစ်ဇကာများအား နိုင်ငံတကာအဆင့်မီ ကုန်ကြမ်းပစ္စည်းများ အသုံးပြုထုတ်လုပ်ပြီး၊ ပြည်ပသွင်းကုန် အစားထိုးယာဉ်အပိုပစ္စည်းအဖြစ် နိုင်ငံတစ်ဝှမ်း ဖြန့်ဖြူးရောင်းချပေးလျက်ရှိသော မြန်မာတိုင်းရင်းသား ကုမ္ပဏီတစ်ခုဖြစ်ပါသည်။ ထုတ်လုပ်မှုလုပ်ငန်းအတွက် လိုအပ်သောကုန်ကြမ်းနှင့် ဆက်စပ်ပစ္စည်း(ပြည်တွင်းတွင် ထုတ်လုပ်နိုင်ခြင်းမရှိသော)များအား တင်သွင်းနိုင်ရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ website ဖြစ်သော myanmartradenet website တွင် Myanmar Tradenet 2.0 Member Account ဖွင့်လှစ်ပြီး ဌာန၏လမ်းညွှန်ချက်များအား လိုက်နာဆောင်ရွက်လျက်ရှိသော ကုမ္ပဏီတစ်ခုဖြစ်ပါသည်။

ကုမ္ပဏီ၏ Myanmar Tradenet 2.0 Member Account သည် (၁၄-၈-၂၀၂၆)ရက်နေ့တွင် အကောင့်ဟက်ခံရပြီး၊ ယနေ့အချိန်အထိ အဆိုပါကုမ္ပဏီအကောင့်ဖြင့် myanmartradenet website သို့ ဝင်ရောက်သုံးစွဲနိုင်ခြင်း မရှိသေးပါကြောင်း၊ ကုမ္ပဏီ၏ Myanmar Tradenet 2.0 Member Account ကို အသုံးပြုပြီး ကုန်ကြမ်း-ကုန်ချော တင်သွင်းခွင့်လိုင်စင်-တင်ပို့ခွင့်လိုင်စင်များကို လျှောက်ထားလျက်ရှိကြောင်း စုံစမ်းသိရှိရပါသည်။

သို့ဖြစ်ပါ၍ (၁၄-၈-၂၀၂၆)ရက်နေ့နှင့် ယင်းနေ့နောက်ပိုင်းတွင် myanmartradenet website မှ လျှောက်ထားသော ကုန်ကြမ်း-ကုန်ချော တင်သွင်းခွင့်လိုင်စင်-တင်ပို့ခွင့်လိုင်စင် လျှောက်ထားမှုများကို သက်ဆိုင်ရာအစိုးရဌာနများက ပယ်ဖျက်ပေးပါရန်နှင့် ယင်းကိစ္စရပ်များသည် ကုမ္ပဏီနှင့် ပတ်သက်စပ်ဆိုင်ခြင်းမရှိပါကြောင်း၊ ယင်းသို့လိမ်လည်လျှောက်ထားမှုကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်များကို လိမ်လည်လျှောက်ထားသူများ၏ တာဝန်သာဖြစ်ပါသည်။ ကုမ္ပဏီ၏ Myanmar Tradenet 2.0 Member Account အား မသမာသောနည်းလမ်းအသုံးပြု၍ လိမ်လည်လျှောက်ထားပြီး ပြည်ပသွင်းကုန်များ လျှောက်ထားခြင်းဆောင်ရွက်သူများ၊ ကုမ္ပဏီ၏အကျိုးကို ထိခိုက်နစ်နာစေသောသူများကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နန္ဒာမြင့်သိန်း(တရားလွှတ်တော်ရှေ့နေ)**

**ဒေါ်ချောစုမေ၊ ဒေါ်ဆုမွန်မွန်၊ ဦးကျော်ကျော်နိုင်(တရားလွှတ်တော်ရှေ့နေများ)**

**အိမ်အမှတ်(ဒီ-၄)၊ သီရိရိပ်သာ(၂)၊ ၆၅လမ်း၊ ၃၃လမ်းနှင့် ၃၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၅၀၀၄၉၇၀၆၊ ၀၉-၂၀၃၅၈၅၅။**

**Email: lawfirmmyanmar@gmail.com**

# အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ်(၄၁၄/ခ)၊ ဦးပိုင်အမှတ်(၆၇)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်မှာ ဦးထွန်းတင်အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ်အဆောက်အဦ၊ ရေမီတာ၊ မီးမီတာတို့မှာ အမည်ပေါက်သူထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်ရှိန်(ဘ)ဦးစံတင်(၉/မရမ(နိုင်)၀၄၃၇၇၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်သဘောတူညီသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စုမွန်ဝင်း(LL.B, D.B.L, D.I.L) တရားလွှတ်တော်ရှေ့နေ**

**အကွက်(၄၀၆)၊ သံလျက်မော်အရှေ့ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၀၂၆၃၃၂၂၈၊ ၀၉-၉၆၄၀၆၃၂၂၈**

# အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၂)၊ ဦးပိုင်အမှတ်(၃၁-ခ)၊ ဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိမြေကွက်မှာ ဦးစိန်ညွန့်အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်အဆောက်အအုံ ရေ+မီး(ဆက်လက်သုံးစွဲခွင့်)အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကျော်သူရဗိုလ်(ဘ)ဦးဗိုလ်ဗိုလ်(၉/ပဥလ(နိုင်)၀၁၈၂၄၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ စရန်ငွေတစ်ချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်အေးစန္ဒာထက်(LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**၃၂လမ်း၊ ၅၇လမ်းနှင့် ၅၈လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၈၅၀၄၉၃၉**

# အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ်(၄၁၄/ခ)၊ ဦးပိုင်အမှတ်(ခ-၅)၊ မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဒေါ်ခင်ကြည်အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦ အပါအဝင်၊ နေထိုင်ပိုင်ဆိုင်ခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ်အဆင့်ဆင့်၊ နိုတြီကိုယ်စားလှယ်လွှဲစာအဆင့်ဆင့်တို့ဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်းနှင့် ပြန်လည်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ရောင်းချသူ ဦးကျော်ကျော်ဝေ(ဘ)ဦးဘိုဆန်း(၇/ပခန(နိုင်)၁၈၁၃၈၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်ခင်ရှိန်း(ဘ)ဦးစံတင်(၉/မရမ(နိုင်)၀၄၃၇၇၆)၊ ဒေါ်နီလာဆွေ(ဘ)ဦးမြင့်ဆွေ(၉/မရမ(နိုင်)၀၈၈၀၇၃)၊ ဦးဇော်လတ်(ဘ)ဦးမြင့်ဆွေ(၉/မရမ(နိုင်)၀၈၈၀၉၀)၊ ဒေါ်မြသန္တာထွေး(ဘ)ဦးမြင့်ဆွေ(၉/ခအဇ(နိုင်)၀၁၂၂၀၇) တို့မှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စများအား ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်မိုးမိုးအေး(LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**အကွက်(၈၄၀)၊ ချမ်း/မြောက်ရပ်ကွက်၊ ၄၂လမ်း၊ ၇၈လမ်းနှင့် ၇၉လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၃၁၄၀၆၀၉၊ ၀၉-၇၈၂၆၆၁၆၆၄**

# အမွေစား အမွေခံသားအဖြစ်မှ ရာသက်ပန်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်၊ အမှတ်(၇၅)၊ ၁၅လမ်း၊ ၈၇လမ်းနှင့် ၈၈ လမ်းကြားနေ ဦးမြဝင်း(၉/မနတ(နိုင်)၀၇၉၉၃၁)နှင့် ဒေါ်ခင်ဆိုင်(၉/မနတ(နိုင်) ၀၇၉၈၁၉)တို့၏ သားဖြစ်သူ ဦးအောင်ဆန်းဝင်း(၉/မနတ(နိုင်)၁၀၃၆၇၃)သည် မိဘနှစ်ပါးအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ကာယကံမြောက်ကျူးလွန်ပါသဖြင့် အမွေစား အမွေခံသားအဖြစ်မှ ရာသက်ပန်စွန့်လွှတ်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝသည် မိမိတို့နှင့် မသက်ဆိုင်ပါကြောင်းနှင့် တရားဥပဒေအရ ဆက်လက်၍ လုပ်ဆောင်ပါမည်။

**ဦးမြဝင်း(ဖခင်)**

**(၉/မနတ(နိုင်)၀၇၉၉၃၁)**

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန၊ မဟာအောင်မြေကျောက်မျက်ရတနာစခန်း အတွင်းရှိ အဆောင်(၁)၊ အခန်း(၁)အား အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသဖြင့် လေလံဆွဲဝယ်သူများသည် လေလံလျှောက်လွှာဝယ်ယူ၍ လျှောက်လွှာ၌ သတ်မှတ်ထားသော လေလံစည်းကမ်းများနှင့် အညီပါရှိရမည့် စာရွက်စာတမ်းများ ပြည့်စုံစွာပူးတွဲလျက်တင်ပြပြီး လေလံကြမ်းခင်းဈေး၏ (၁၀%)စားပွဲတင်စပေါ်ငွေအား လျှောက်လွှာပိတ်ရက်မတိုင်မီ ကြို တင်၍ ရတနာပုံဘဏ်လီမိတက်သို့ တင်သွင်းထားရှိရမည်။ လျှောက်လွှာတင်သွင်းရမည့် နောက်ဆုံးရက်မှာ (၂-၉-၂၀၂၆)ရက်နေ့၊ (၁၄:၀၀)နာရီနောက်ဆုံး တင်သွင်းရမည်ဖြစ်ပါသည်။ သိရှိလိုသည်များရှိပါက ဖုန်း ၀၉-၄၄၁၀၃၇၈၈၉နှင့် ဖုန်း ၀၉-၂၆၅၈၅၁၁၄၇ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အခွန်ဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

# သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ တောတွင်အုပ်စု၊ တော်လှကျေးရွာနေ ဦးစိုးလွင်(၅/ယမပ(နိုင်)၀၁၈၇၇၁)နှင့် ဒေါ်ရီမာ(၉/ပသက(နိုင်)၀၂၂၄၃၅)တို့၏ သားဖြစ်သူ ကိုမျိုးသီဟ(၉/အမရ(နိုင်)၁၈၃၃၃၇)သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သောအပြုမူများ၊ မိဘစကားကို နားမထောင်ဘဲ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်ဆောင်ရွက်နေသောကြောင့် ယနေ့သတင်းစာကြေညာပါသည့်ရက်မှစ၍ အမွေစား၊ အမွေခံသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ကိုမျိုးသီဟနှင့်ပတ်သက်သည့် မည်သည့်အကြောင်းအရာကိစ္စမဆို တာဝန်ယူဖြေရှင်း ဆောင်ရွက်ပေးမည်မဟုတ်ကြောင်းနှင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဦးစိုးလွင်** | **ဒေါ်ရီမာ** |
| **(၅/ယမပ(နိုင်)၀၁၈၇၇၁)** | **(၉/ပသက(နိုင်)၀၂၂၄၃၅)** |

**တောတွင်အုပ်စု၊ တော်လှကျေးရွာ၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။**

# ပြင်ဆင်ဖတ်ရှုပါရန်

(၁၉-၈-၂၀၂၆)

မန္တလေးနေ့စဉ်သတင်းစာ စာမျက်နှာ(၂၂)တွင်ပါရှိသော တရားလွှတ်တော်ရှေ့နေ ဒေါ်ဖြိုးသီတာထွန်း၏ အများသိစေရန် ကြေညာခြင်းတွင် ဝယ်ယူသူ၏ လွှဲအပ်ချက်အရအစား ဦးကျော်စိုး၏ လွှဲအပ်ချက်အရဟု ပြင်ဆင်ဖတ်ရှုပါရန်။

# ပျောက်ဆုံးကြောင်း

ဦးခင်မောင်ထွန်း(ဘ)ဦးမောင်မောင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ခအဇ(နိုင်)၀၀၈၄၃၃)ကိုင်ဆောင်သူ၏ Passport No - မမှတ်မိသည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဦးခင်မောင်ထွန်း ဖုန်း ၀၉-၄၄၄၅၅၅၁၂၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၁၈)၊ ဦးပိုင်အမှတ်(၁+၂)၊ ဧရိယာ (၀ ဒသမ ၁၁၀၂)ဧက အကျယ်အဝန်းရှိ မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်မီမီသွယ်(ဘ)ဦးသောင်းကျော်(၁၃/မဘန(နိုင်)၀၁၄၃၉၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူများမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်များ၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ စ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(အေ-၁)၊ ၆၇-လမ်း၊ ၃၁-အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(ဈ-၁)၊ ဦးပိုင်အမှတ်(၉၂-က)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးလင်း (ဘ)ဦးဖိုးသောင်း(၅/ကကန(နိုင်)၀၂၃၇၅၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(အေ-၁)၊ ၆၇-လမ်း၊ ၃၁-အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်တောင်ရပ်၊ အကွက်အမှတ်(၈၅၄)၊ ဦးပိုင်(၁-က)အတွင်းမှ အနောက်မြောက်ဘက်ဆုံးအစိတ်အပိုင်း၊ မြေကွက်အမှတ် (A-4) ဖြစ်သော အရှေ့-အနောက် (၁၅)ပေ၊ တောင်-မြောက် ပေ(၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလပိုင်ဆိုင်သူထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူ၍ အကြွင်းမဲ့ပိုင်ဆိုင်သည်ဟု အဆိုပြုပြီး ဒေါ်အေးအေးမွန်(၅/မရန(နိုင်)၃၁၇၆၈၆)က ရောင်းချရန် ကမ်းလှမ်းမှုအပေါ် ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးသန်းထိုက်+ဒေါ်ချောစုမွန်တို့မှ ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်အပိုဒ်ပါ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့၏ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်မင်း ( B.Sc(Chem) , Dip in Business Law , H.G.P )**
**အထက်တန်းရှေ့နေ (စဉ်-၂၀၀၅၁)**
လမ်း၈၀နှင့် ၄၁လမ်းထောင့်၊ ရုံးအနီး၊ အကွက်(၈၄၂)၊ ချမ်း/မြောက်ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၀)၊ ဦးပိုင်နံပါတ်(၄)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ ဒေါ်ကြည်ကြည်ငွေး အမည်ပေါက် ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးစိုင်းကျော်ထွန်း(ဘ)ဦးဟုတ်ဆင်း(၁၃/တကန(နိုင်)၁၂၈၇၄၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

| ဒေါ်ယုသစင်အောင် (LL.M) | ဒေါ်အေးနန္ဒာထွန်း (LL.B) | ဒေါ်မာလာစိုး (LL.B) | ဒေါ်ဖူးသန့်မွန် (LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ်(ညည-၅)၊ ဦးပိုင်နံပါတ်(၈၃-ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဦးရဲဆွေ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ဝေနင်းအိ (ဘ)ဦးကျော်စိုး(၉/ပကခ(နိုင်)၀၀၆၁၆၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

| ဒေါ်ယုသစင်အောင် (LL.M) | ဦးဖြိုးသာစန့် (LL.B) | ဦးစည်သူအောင် (LL.B) | ဒေါ်သဲမိုမိုထွန်း (LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၁၅)၊ ဦးပိုင်နံပါတ်(၅၈)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးလှဝေ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်အစွန်ဆုံးနှင့်ကပ်လျက် တောင်ဘက်ပိုင်း ပေ(၁၅×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်စိုးစိုးခိုင်(ဘ)ဦးနက်ကျော်(၁၃/နခတ(နိုင်)၀၅၁၁၇၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်သူဇာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**
၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၀၀

## မီး
## သတိပြု။

## ကြော်ငြာစာ

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် ဒေါ်နှင်းနုဟန် (Managing Director) FU KUN Construction Co.,Ltd မှ လျှောက်ထားလာပါသည်။

၂။ အထက်ပါကုမ္ပဏီမှ ကန်ထရိုက်လုပ်ငန်းလိုင်စင်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် လူကိုယ်တိုင် လာရောက်၍ ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၅)၊ ဦးပိုင်နံပါတ်(၃၃)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးညီညီ အမည်ပေါက် ဂရန်မြေကွက်၏ တောင်ဘက်ခြမ်း ပေ(၃၀×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးသူရဇော်(ဘ)ဦးဝူယုလို(၁၃/တမည(နိုင်)၀၀၆၁၁၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

| ဒေါ်ယုသစင်အောင် (LL.M) | ဦးဖြိုးသာစန့် (LL.B) | ဦးစည်သူအောင် (LL.B) | ဒေါ်သဲမိုမိုထွန်း (LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁

## ကြော်ငြာစာ

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် ဦးဇော်ဇော်အောင် (Managing Director) Kaung & Khant Construction Co.,Ltd မှ လျှောက်ထားလာပါသည်။

၂။ အထက်ပါကုမ္ပဏီမှ ကန်ထရိုက်လုပ်ငန်းလိုင်စင်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် လူကိုယ်တိုင် လာရောက်၍ ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး (၁/၂၀၂၆) သို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဩဂုတ် ၂၀**

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး (၁/၂၀၂၆) ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာအမျိုးသားကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက်အမှာစကားပြောကြားသည်။

စာမျက်နှာ ၁၁ သို့ ✧



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး (၁/၂၀၂၆) တွင် အမှာစကားပြောကြားစဉ်။

### ၂၀-၈-၂၀၂၆ ရက်နေ့ ခတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉ ဒသမ ၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား(၁၆ ဒသမ ၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ငွေကျပ် ၇၀၅၀၀၀၀ ဖြစ်သည်။

**ခတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

## ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း သောင်းတိုင်ကုန်းနှင့် တောင်ငူဘူတာအကြား တရားမဝင်လမ်းကူး၌ အမှတ်(၇)အဆန် DEMU ရထားနှင့် ဆိုင်ကယ်ဘေးတွဲ ပွတ်တိုက်မှုဖြစ်ပွား



သောင်းတိုင်ကုန်းနှင့် တောင်ငူဘူတာအကြား အမှတ်(၇) အဆန် DEMU ရထားနှင့် ဘေးတွဲဆိုင်ကယ်ပွတ်တိုက်မှုကြောင့် ရထားရှေ့စက်ခေါင်းမီးလုံးကွဲအက်ခြင်း၊ ဆေးပွန်းခြင်း ဖြစ်ပွားခဲ့မှုကို တွေ့ရစဉ်။

**နေပြည်တော် ဩဂုတ် ၂၀**

မြန်မာ့မီးရထားအနေဖြင့် ရထားစီး ခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေ့စွာ သွားလာနိုင်စေရေးအတွက် ခေတ်မီလေအေးပေးစက်ပါ DEMU တွဲဆိုင်းသစ်များဖြင့် လူစီးအမြန်ရထားများ ပြေးဆွဲပေးလျက်ရှိရာ ယနေ့မွန်းလွဲ ၃ နာရီ ၅၅ မိနစ်တွင် အမှတ်(၇)အဆန် ရန်ကုန်-နေပြည်တော် DEMU လူစီးအမြန်ရထားသည် သောင်းတိုင်ကုန်းနှင့် တောင်ငူဘူတာအကြား မိုင်တိုင်အမှတ် ၁၆၅/၁ နှင့် ၂ အကြားရှိ ကျေးရွာအစီအစဉ်ဖြင့် ဂိတ်စောင့်(ဖွင့်/ပိတ်) ပြုလုပ်သော တရားမဝင်လမ်းကူးဂိတ်၌ ဘေးတွဲဆိုင်ကယ်နှင့် ပွတ်တိုက်မှုဖြစ်ပွားပြီး DEMU ရထားစက်ခေါင်း၏ အရှေ့ညာဘက်မီးလုံးကွဲပြီး ဆေးပွန်းပဲ့မှုဖြစ်ပွား၍ ခရီးသည်နှင့် ဝန်ထမ်းများ ထိခိုက်မှုမရှိကြောင်း သိရသည်။

အဆိုပါဖြစ်စဉ် ဖြစ်ပွားရခြင်းမှာ တရားမဝင်လမ်းကူးဂိတ်၏ အရှေ့ဘက်မှ အနောက်ဘက်သို့ မောင်းနှင်လာသည့် ဘေးတွဲဆိုင်ကယ်အမှတ် BGO 3215 သည် အရပ်သားဂိတ်စောင့်မှ ဝါးလုံးတန်းဖြင့် ဂိတ်ပိတ်တားဆီးထားသော်လည်း အရှိန်မထိန်းနိုင်ဘဲ ရထားလမ်းအားဖြတ်ကျော် မောင်းနှင်မှုကြောင့် သောင်းတိုင်ကုန်းဘူတာမှ ဖြတ်သန်းမောင်းနှင်လာသော အမှတ်(၇)အဆန် DEMU ရထားဖြင့် ပွတ်တိုက်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

အဆိုပါဂိတ်သည် ကျေးရွာအစီအစဉ်ဖြင့် ဂိတ်စောင့်က (ပိတ်/ဖွင့်)ပြုလုပ်သော တရားမဝင်လမ်းကူးဂိတ်ဖြစ်ပြီး မြန်မာ့မီးရထားမှ ဂိတ်စောင့်တာဝန်ချထားခြင်းမရှိကြောင်း၊ ယခုရထားနှင့် ဘေးတွဲဆိုင်ကယ်တိုက်မိမှုဖြစ်စဉ်ကြောင့် ဘေးတွဲဆိုင်ကယ်မောင်းနှင်သူ ဝင်းနိုင်ဦး(ဘ)ဦးတင်လှိုင် ရေပုတ်ကုန်းရွာနေသူအား ရထားပို့ဆောင်ရေး လုပ်ငန်းဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး သက်ဆိုင်ရာနယ်မြေ တောင်ငူအမှတ်(၁) ရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်ထားပြီး အဆိုပါဖြစ်စဉ်ကြောင့် ရထားကြန့်ကြာမှု ၃၅ မိနစ် ဖြစ်ပေါ်ခဲ့ကာ အခြားရထားများ ကြန့်ကြာမှုမရှိဘဲ ပုံမှန်အတိုင်း ပြေးဆွဲခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဧရာဝတီအသင်းက No Limits FC အသင်းကို ရှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိ

**ရန်ကုန် ဩဂုတ် ၂၀**

၂၀၂၆-၂၀၂၇ ရာသီ အာရှအမျိုးသမီးချန်ပီယံလိဂ် ခြေစစ်ပွဲ ဒုတိယနေ့ပွဲစဉ်အဖြစ် မြန်မာကလပ် ဧရာဝတီအက်ဖ်စီအသင်းနှင့် လက်ဘနွန်ကလပ် No Limits FC အသင်းတို့ ယနေ့ ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ဧရာဝတီအသင်းက No Limits FC အသင်းကို ရှစ်ဂိုး၊ ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။



ယခုပွဲစဉ်တွင် ဧရာဝတီအသင်းသည် လက်ဘနွန်ကလပ် No Limits FC အသင်းကို ခြေအသာဖြင့် ဖိအားပေးကစားခဲ့ပြီး ဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဧရာဝတီအသင်းအတွက် သွင်းဂိုးရှစ်ဂိုးကို ပွဲချိန် ၉ မိနစ်နှင့် ၇၂ မိနစ်တွင် မေထက်လူ၊ ပွဲချိန် ၂၁ မိနစ်တွင် မက်ဆူအို၊ ပွဲချိန် ၂၃ မိနစ်တွင် ဇင်မိုးပြည့်၊ ပွဲချိန် (၄၅+၁)မိနစ်တွင် ဖြူဖြူဝင်း၊ ပွဲချိန် ၄၈မိနစ်တွင် လင်းမြင့်မိုရ်၊ ပွဲချိန် ၅၅ မိနစ်တွင် မိုချီဇူကီ၊ ပွဲချိန် မိနစ် ၉၀ တွင် ဝင်းသိင်္ဂီထွန်းတို့က အသီးသီးသွင်းယူပေးခဲ့ကြသည်။

ဧရာဝတီအက်ဖ်စီအသင်းသည် ခြေစစ်ပွဲ နှစ်ပွဲကစားပြီး နှစ်ပွဲနိုင် သွင်းဂိုး ၁၂ ဂိုးရရှိထားကာ ပေးဂိုးမရှိရလဒ်ဖြင့် ဇယားထိပ်ဆုံး၌ ဦးဆောင်လျက်ရှိပြီး ဩဂုတ် ၂၃ ရက်တွင် တရုတ်(တိုင်ပေ)ကလပ် New Taipei City Hang Yuan FC အသင်းနှင့် သုဝဏ္ဏကွင်း၌ ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**(NGB)**

၀-၀-၀-၀

## ဂါဗီကို ခေါ်ယူရန် မန်ယူအသင်း စိတ်ဝင်စား

**လန်ဒန် ဩဂုတ် ၂၀**

ပရီးမီးယားလိဂ် ထိပ်သီးကလပ် မန်ယူအသင်းသည် ကွင်းလယ်ပိုင်း အင်အားဖြည့်တင်းရန်အတွက် ဘာစီလိုနာအသင်း ကွင်းလယ်ကစားသမား ဂါဗီကို ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိသည်။



အသက်(၂၂)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဘာစီလိုနာအသင်းနှင့် အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၆၆ ပွဲကစားပြီး ၁၀ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ယူအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ထို့ကြောင့် မန်ယူအသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ဘာစီလိုနာအသင်းမှ ဂါဗီကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။

**(NGB)**